မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၂/၂၀၁၀) ကျင်းပ

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၂/၂၀၁၀)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၂/၂၀၁၀) တွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လျှောက်ထားချက်များစိစစ်

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ ဖွဲ့စည်းရေးကိစ္စနှင့် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ.ခ.မ.ည.ဖ)

ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၉/၂၀၁၀)
၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ရက်
(၂၀၁၀ပြည့်နှစ်၊ ဧပြီလ ၂၈ရက်)

မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ·ခ·မ·ည·ဖ)
MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O)
ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ စာတိုက်လမ်း၊ အိမ်အမှတ် (၂၀၂)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ·ခ·မ·ည·ဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O) ပါတီအား ၂၀၁၀ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ·ခ·မ·ည·ဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O) ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၂၉ ရက်)

မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိရာတွင် မိခင်များသည် အဓိကကျသောအခန်းမှ ပါဝင်လျက်ရှိသည်။

နှစ်စဉ် ကမ္ဘာပေါ်တွင် မိခင်ငါးသိန်းခန့်သည် ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမီးဖွားရာမှ ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများကြောင့် သေဆုံးနေကြရသည်။ မိနစ်တိုင်းတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းကြောင့် မိခင်သေဆုံးခြင်းတစ်ဦးနှုန်းရှိပြီး ကလေးမီးဖွားခြင်းဖြင့် သေဆုံးရသော ၉၉ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများမှဖြစ်ကြသည်။

မိခင်နှင့်ကလေး သေနှုန်းမြင့်မားခြင်းဖြစ်ပေါ်စေသော အကြောင်းအချက်ပြဿနာများအားလုံးသည် ကာကွယ်၍ရနိုင်သော အကြောင်းအရာများဖြစ်သည်။ ကာကွယ်၍ရနိုင်သော အကြောင်းအရာများကို မိခင်တိုင်းသိရှိနားလည်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပြီး မိခင်နှင့်ကလေးသေနှုန်းကို ကျဆင်းစေနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် အမျိုးသမီးတစ်ရပ်လုံးသည် နိုင်ငံတော်အတွက်အရေးပါပြီး အမျိုးသမီးများ ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေနှုန်းကျဆင်းရေးကို ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီး စီမံချက်များချမှတ်၍ အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသည်။

မိခင်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝလုပ်ဆောင်ပေးခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်သေနှုန်းကိုသာမက မွေးကင်းစကလေးသေနှုန်းကိုပါ ကျဆင်းစေမည်ဖြစ်သည်။ မိခင်နှင့်ကလေးကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ ပိုးမွှားသန့်စင်သော နည်းစနစ်ဖြင့် မွေးဖွားပေးခြင်း၊ မွေးပြီးမိခင်စောင့်ရှောက်မှုပေးခြင်း၊ မွေးကင်းစကလေးစောင့်ရှောက်မှုပေးခြင်း၊ ငါးနှစ်အောက်ကလေးစောင့်ရှောက်မှုပေးခြင်း၊ မိခင်နှင့်ကလေး အာဟာရဖွံ့ဖြိုးရေး စောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်လေးပုံသုံးပုံသည် လေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းများ၏ စနစ်တကျစောင့်ရှောက်မှုကို ခံယူရရှိနေကြပြီဖြစ်ရာ မိခင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံဖြန့်ကြက်နိုင်ပြီဖြစ်၍ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် မိခင်နှင့်ကလေးသေနှုန်း လျော့နည်း ကျဆင်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**နေမဝင်ခင် ရိက္ခာပြင်** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၆:၄၅	ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီမှာ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၅)
၈:၃၀	Sports World (Strong Man)
၈:၅၅	Activities in the City (Follow Me & Secret Beauty Product မဟာသင်္ကြန်အကြို အထူးဈေးရောင်းပွဲ)
၉:၀၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဖြစ်ရတဲ့ဒုက္ခ**
၉:၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘုတ်ဘုတ်နှင့် တွေ့ဆုံခြင်း)
၁၀:၀၀	လက်အုပ်တချီချီ အပြုံးပန်းတွေသီ
၁၀:၂၀	Hair Style For All (အမျိုးသမီး)
၁၀:၃၀	ဈေးဝယ်လမ်းညွှန် (United Living Mall)
၁၁:၀၀	ဖူးမြော်စေချင်သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ
၁၁:၀၅	ဂီတသရုပ်ပြခန်း (ခိုင်မြဲသာ- အမှောင်မှအလင်းသို့)
၁၁:၄၅	ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာ ခိုင်ခိုင်ရှိန်)
၁၂:၂၀	မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမိသားစု၏ ပထမအကြိမ် ရှင် ၁၂၅ပါး ရှင်ပြုအလှူမင်္ဂလာပွဲ
၁၂:၄၀	ကွင်းမြေနမူနာ ထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၂:၅၀	အဏုဇီဝ တွင်းထွက်ရတနာ
၁:၀၀	**နေမဝင်ခင် ရိက္ခာပြင်** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Pop Fashion-2)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၅)
၄:၀၅	မှုဟန်ကိုယ်စီတေးကိုသီ
၄:၁၅	Hair Style For All (အမျိုးသမီး)
၄:၂၀	လက်အုပ်တချီချီ အပြုံးပန်းတွေသီ
၄:၄၀	ရွှေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (S.I.E.C)
၅:၀၅	ပိတုန်းရောင်ကေသာဦးအတွက်....
၅:၁၅	ဖူးမြော်စေချင်သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ
၅:၃၀	Activities in the City (Follow Me & Secret Beauty Product မဟာသင်္ကြန်အကြို အထူးဈေးရောင်းပွဲ)
၅:၃၅	အနုပညာမိုးကောင်းကင်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဈေးဝယ်လမ်းညွှန် (United Living Mall)
၆:၄၅	မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမိသားစု၏ ပထမအကြိမ် ရှင် ၁၂၅ပါး ရှင်ပြုအလှူမင်္ဂလာပွဲ
၇:၀၀	Fashion Music Festival (Pop Fashion-2)
၇:၃၅	ရွှေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (S.I.E.C)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘုတ်ဘုတ်နှင့် တွေ့ဆုံခြင်း)
၉:၀၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၅)
၁၀:၀၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဖြစ်ရတဲ့ဒုက္ခ**
၁၀:၃၀	ဂီတသရုပ်ပြခန်း (ခိုင်မြဲသာ- အမှောင်မှ အလင်းသို့)
၁၀:၅၅	မျှော်လင့်ခြင်း၏ အလင်းရောင်သစ်
၁၁:၂၀	**ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ၊ (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)
၁၁:၃၀	ငွေချည် (၆) ချည်မျှင်ရှည်ဝါ တိုးကာစိုက်ပျိုးပါ
၁၂:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၃၀	၃။	မျိုးချစ်တပ်မတော်
၄:၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၄၅	၅။	မွေးမြူသုတ
၄:၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅:၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၃။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၈)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း-၃)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	Champion League of Boxing Mikkel Kessler Vs Carl Forch

ရန်ကုန် ဧပြီ ၂၈

Ta-fa Trading Co.,Ltd. က ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me နှင့် Secret အလှကုန်သုံးစွဲသူများအတွက် ရွှေမဟာကံထူးရှင်ရွေးချယ်ပွဲနှင့် ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားတို့ကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Parkroyal Hotel ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များ၊ Follow Me နှင့် Secret အလှကုန်ပစ္စည်းများကို စဉ်ဆက်မပြတ် ဝယ်ယူသုံးစွဲသူများနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Ta-fa Trading Co., Ltd.မှ Executive Director ဦးထွန်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြသ

ထို့နောက် Follow Me UV White Oxygen Skin Care Series ကုန်ပစ္စည်းသစ်များကို Talents & Model မှ မော်ဒယ်လေးများဖြင့် သရုပ်ပြသကြပြီး Marketing Executive မထက်ဝေရည်ကျော်က Follow Me အလှကုန်ပစ္စည်းသစ်ဖြစ်သည့် Follow Me UV White Oxygen Skin Care Series နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ မိတ်ဆက်သည်။

Follow Me နှင့် Secret အလှကုန် ရွှေမဟာကံထူးရှင် ရွေးချယ်ပွဲနှင့် ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ တက်ရောက်လာကြသော ဧည့်သည်များနှင့် Talents & Model မှ မော်ဒယ်လေးများက Follow Me နှင့် Secret အလှကုန်ပစ္စည်းများကို ဝယ်ယူအားပေးကြသောသူများအား Golden Grand Lucky Draw 2010 ကံထူးရှင်များအား ရွေးချယ်ပြီးနောက် Ta-fa Trading Co., Ltd. Marketing Department မှ Marketing Executive မစိမ်းစိမ်းမာက ကျေးဇူးတင်စကား ပြောကြားသည်။

ချီးမြှင့်ပေးသွား

အဆိုပါ ကံထူးရှင်ဆုများတွင် အထူးဆု ရွှေငါးကျပ်သား တစ်ဆု၊ ပထမဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၀သိန်း၊ တတိယဆု Sony 32" LCD TV + Home Theatre နှင့် အခြားဆုမဲပေါင်းများစွာ ပါဝင်၍ ယခုရွေးချယ်ဖော်ထုတ်ရရှိသည့် ကံထူးရှင်များ၏ စာရင်းကို ဧပြီ ၂၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး ကံထူးရှင်ကြီးများ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၁ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပကာ ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝေါမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၂၈

ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို မေ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားကြီး ရွှေတောင်တိုက်သစ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အသင်းဝင်လိုသူများအနေဖြင့် ဥက္ကဋ္ဌ ဦးစံရင်(လဝက ဦးစီးအရာရှိ၊ ငြိမ်း)ဖုန်း-၀၉-၅၄-၁၀၀၃၀၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးစိုးတင့် (ငြိမ်း) ဖုန်း-၀၁-၅၄၅၅၅၈၊ ဦးသန်းမြင့် (ညောင်သုံးခွ) ဖုန်း-၀၁-၇၂၈၁၆၆၊ ဘဏ္ဍာရေးမှူး ဦးတင်ကြည် ဖုန်း-၀၁-၅၄၃၆၆၃၊ အထွေထွေအတွင်းရေးမှူး ပဲခူး-ကျော်မင်း ဖုန်း-၀၉-၅၄-၀၆၈၀၆၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးစိုးဝင်း ဖုန်း-၀၉-၅၁-၅၂၃၄၀ နှင့် ဒေါ်ဝင်းဝင်းခိုင် ဖုန်း-၀၉-၅၀-၆၁၉၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်း မီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြု သုံးစွဲရန်။

သစ်တောဦးစီးဌာန သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ပြန်လည်ပြုစုရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ ပြန်လည်ပြုစုရေးဆွဲခြင်း ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊အထွေထွေမန်နေဂျာများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သစ်တောဦးစီးဌာန ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သာယာဝတီခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် ဂန့်ဂေါခရိုင်တို့မှ ခရိုင်တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ ခရိုင်အတွင်း သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ပြန်လည်ရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရုပ်ပုံဆလိုက်များဖြင့် သုံးသပ်တင်ပြကြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောဦးစီးဌာန သစ်တောအုပ်ချုပ် လုပ်ကိုင်မှု စီမံကိန်းများ ပြန်လည်ပြုစုရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၈

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ခုနှစ် ဧပြီ ၂၈ရက်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသား အင်အားစုက လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များအနက် "ဝ" ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဧပြီ ၂၈ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၂၂)ဖွဲ့အနက် အဖွဲ့(၆)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅တွင် အကျုံးဝင်သော ပါတီများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားလျက်ရှိကြရာ ယင်းပါတီများ အနက် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ·ခ·မ·ည·ဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O) သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဧပြီ ၂၈ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ယနေ့အထိ နိုင်ငံရေးပါတီ ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၄)ပါတီအနက် ပါတီ (၁)ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် သုံးနှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်၊ မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားပါ။

(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။

(င) မိမိတို့ အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။

(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကိုဖို့ပါ။

(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။

(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။

(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(အကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အမှတ် (၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ICT Development & Application သင်တန်း (၁/၂၀၁၀)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ICT Development & Application သင်တန်းဖွင့်ပွဲ ကြည့်မြင်တိုင်၌ကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ ICT Development & Application သင်တန်း (၁/၂၀၁၀) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာဦးစီးဌာနရှိ ကွန်ပျူတာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကာလ

ထို့နောက် Soft Guide Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းညွန့်က ဘာသာရပ်ဆိုင်ရာအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းသို့ ဆရာ ဆရာမ ၉၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
-ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဖိုလ်ကလေးတင့်အောင်)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၆။ **အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ**
၈:၂၀ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ အကပဒေသာ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ အတီးပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၂၅ ၃။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ)
(အရှေ့တိုင်းပညာ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ်
၅:၁၅ ၇။ အတီးပြိုင်ပွဲ
၅:၃၅ ၈။ သက်တံရောင်သံစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ
ချစ်သူကော်ဖီ (အပိုင်း-၄)
သူရလင်း၊ မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဖိုလ်မြင့်၊ စုပုံချစ်၊
(ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ
နှောင်ဖွဲ့မေတ္တာ (အပိုင်း-၂၉)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ
နှင်းဆီရောင်ဘဝ (အပိုင်း-၁၀)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ
ချစ်တေးသံသာ (အပိုင်း-၃၈)
၁၉။ အစီအစဉ်ပြီး၏။

Life Style & IT-2010 ပြပွဲ ရွှေလမင်းနဂါးကုမ္ပဏီ ပါဝင်ပြသ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့မှစတင်၍ မေ ၁ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် Life Style & IT-2010 ပြပွဲတွင် acer၏ မြန်မာပြည်ကိုယ်စားလှယ် ရွှေလမင်းနဂါးကုမ္ပဏီက acer Notebook နှင့် Monitor များကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

တပ်ဆင်ပေးအပ်

acer ၏ ရှစ်နာရီကြာမြင့်အောင် လုပ်ဆောင်နိုင်သော acer Time Line Series Notebook များနှင့် သေးငယ်လှပ စတိုင်ကျ၍ စွမ်းဆောင်ရည် သာလွန်သော acer Aspire one Notebook များကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ဝယ်ယူအားပေးသူများအား acer ၏ Original လက်ဆောင်ပစ္စည်းများဖြင့် တပ်ဆင်ပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် Life Style & IT-2010 ပြပွဲတွင် ရွှေလမင်းနဂါးကုမ္ပဏီ၏ ပြခန်းကို ပြသထားစဉ်။

(သတင်းစဉ်)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဧပြီ ၂၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၂၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၁၄၈ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၆၇၇၉ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၁၄၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၆၇၇၉ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဧပြီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၂၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၇၉ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၂၄၅ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၇၇၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၂၄၅ ဦး

(အင်တာနက်)

အာဖဂန်မှ ဂျာမန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေး

ဂျာမန်ပြည်သူများလိုလား

ဘာလင် ဧပြီ ၂၈

အာဖဂန်နစ္စတန်စစ်ပွဲကို ထောက်ခံရန် ဂျာမနီအစိုးရက ကြိုးစားနေစဉ်မှာပင် ပြည်သူ့ဆန္ဒသဘောထားများကို ကောက်ယူခဲ့ရာ ဂျာမန်ပြည်သူ ၇၀ ရာခိုင်နှုန်းက အာဖဂန်မှ ဂျာမန်တပ်ဖွဲ့ဝင်များ ချက်ချင်းရုပ်သိမ်းပေးရန် လိုလားနေသည်ဟု ဧပြီ ၂၇ရက်၌ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

တပ်ဖြန့်ချထား

အာဖဂန်နစ္စတန် ပြည်တွင်းစစ်စတင်ကတည်းက ၎င်းနိုင်ငံ၌ ဂျာမန်တပ်ဖွဲ့ဝင် ၄၅၀၀ အား တပ်ဖြန့်ချထားခဲ့သည်။

ယုံကြည်ထား

အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမှာ ၎င်းနိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရေး အတွက်ဟုသာ ဂျာမန်ပြည်သူတို့က ယုံကြည်ထားသည်။ သို့သော် ပြည်တွင်းတိုက်ပွဲများ၌ ဝင်ရောက်တိုက်ခိုက်ခြင်း မရှိသေးဟုဆိုသည်။

အာဖဂန်၌ သေဆုံးသည့် ဂျာမန်တပ်ဖွဲ့ဝင်ပေါင်း ၄၃ဦး ရှိသွားပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

အီရတ် - အာဖဂန် သတင်းများ

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသ၌ အမေရိကန်တို့ လေကြောင်းမှပစ်ခတ်တိုက်ခိုက်

အစ္စလမ္မာဘတ် ဧပြီ ၂၈

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်၌ အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့်(အောက်ဝဲပုံ) **ခြောက်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ဧပြီ ၂၇ရက်တွင် ဒေသဆိုင်ရာမီဒီယာက သတင်းထုတ်ပြန်သည်။**

ယခုနှစ်အတွင်း အမေရိကန်တို့ လေကြောင်းမှ (၄၁)ကြိမ် တိုက်ခိုက်မှုအတွင်း ၂၇၄ဦးသေဆုံးခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

လျော့ကျ

၂၀၀၉ခုနှစ်က အမေရိကန်တို့၏ လေကြောင်းမှ (၄၄)ကြိမ် တိုက်ခိုက်မှုအတွင်း အရပ်သား၇၀၀ကျော် သေဆုံးခဲ့ရခြင်းနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်အတွင်း သေဆုံးသူ လျော့ကျခဲ့သည်။ အမေရိကန်တို့က လေကြောင်းမှ ဒုံးကျည်ဖြင့် ပစ်ချမှု လျော့နည်းသဖြင့် သေဆုံးသူဦးရေ လျော့ကျခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အီရတ်၌ သံမဏိစက်ရုံပေါက်ကွဲ ငါးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း သံမဏိစက်ရုံအနီး၌ ဧပြီ ၂၅ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

အာဘီးလ်မြို့နှင့် မိုဆူးလ်မြို့အကြား အဓိကလမ်းမကြီးပေါ်ရှိ အာဘီးလ်သံမဏိစက်ရုံ၌ အလုပ်သမားများက သံမဏိများကို ဖြတ်တောက်နေစဉ် ယင်းသို့ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေး

ပေါက်ကွဲမှုကြောင့် စက်ရုံ အဆောက်အအုံ အစိတ်အပိုင်းအများအပြား ပျက်စီးသွားပြီး ဖြစ်စဉ်ကိုစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်မြောက်ပိုင်း၌ ဒုံးကျည်ကျရောက် အပြစ်မဲ့အရပ်သားသုံးဦးသေဆုံး

ကဘူးလ် ဧပြီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာများပေါ်သို့ စစ်သွေးကြွများက ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့အရပ်သားသုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် ဧပြီ ၂၇ ရက်က ဖော်ပြသည်။

တိုက်ခိုက်

ကွန်ဒုဇ်ပြည်နယ် အတွင်းရှိ နရီဆာဖီနှင့်ဇာမန်ရှာဟီအာ ကျေးရွာများကို စစ်သွေးကြွများက ဧပြီ ၂၆ရက် ညပိုင်း၌ ယင်းကဲ့သို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

သီးခြားဖြစ်စဉ်အနေဖြင့် ယင်းနေ့မှာပင် ဂါဇနီပြည်နယ် တောင်ပိုင်း၌ ပေါက်ကွဲမှုတစ်ခုအတွင်း အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ ဒဏ်ရာရရှိသွားကြသည်။ တာလီဘန်စစ်သွေးကြွများသည် အာဖဂန်အစိုးရတပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့ဝင်များကို တိုးမြှင့်တိုက်ခိုက်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကန်ဒါဟာ၌ ဗုံးနှစ်လုံးပေါက်ကွဲ အရပ်သားနှစ်ဦးသေဆုံး

ကဘူးလ် ဧပြီ ၂၈

ရဲတပ်ဖွဲ့တပ်မှူးတစ်ဦးအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် ဗုံးနှစ်လုံးသည် အာဖဂန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့၌ ပေါက်ကွဲခဲ့ပြီးနောက် အာဖဂန်အရပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဧပြီ ၂၆ရက်က ဖော်ပြသည်။

ဗုံးတစ်လုံးသည် လမ်းဘေးရှိ မော်တော်ဆိုင်ကယ်ပေါ်တွင် ထားရှိပြီး အခြားဗုံးတစ်လုံးသည် ပထမဗုံးရှိသည့်နေရာမှ ၁၀မီတာခန့်အကွာရှိ အမှိုက်ပုံတွင် မြှုပ်ထားခြင်းဖြစ်သည်။

ယင်းဗုံးသည် မိမိအားတိုက်ခိုက်ရန် ပစ်မှတ်ထားသည်ဟု ယုံကြည်ကြောင်း ပြည်နယ်ဒုတိယရဲတပ်ဖွဲ့အကြီးအကဲ အာမက်ရှာဇတ်က ပြောကြားသည်။ ၎င်းသည် ယင်းအချိန်က ယာဉ်တန်းတွင် လိုက်ပါလာခြင်းမရှိဟု အဆိုပါသတင်း၌ ပါရှိသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဆာဒါမြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဧပြီ ၂၅ရက်က တွေ့ရစဉ်။(အဆိုပါဗုံးပေါက်ကွဲမှုဖြစ်စဉ်အတွင်း ၅၆ဦးထက်မနည်း သေဆုံးခဲ့ကြရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါ၌ အသေခံဗုံးဖောက်ခွဲ

ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရ

ပက်ရှ်ဝါ ဧပြီ ၂၈

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ အနောက်မြောက်ပိုင်းရှိ ရဲစခန်းတစ်ခုကို ဧပြီ ၂၈ရက်တွင် အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်ခံရသဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦးထက်မနည်း သေဆုံးပြီး အခြား ၁၀ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

ဧပြီ ၂၈ရက်အစောပိုင်း၌ အဆိုပါ ရဲစခန်းအတွင်းသို့ အသေခံဖောက်ခွဲရေးသမားက ဖောက်ခွဲရေးပစ္စည်း အပြည့်တင်ဆောင်လာသောကားဖြင့် ဝင်ရောက်ဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပက်ရှ်ဝါရဲမှူး လာကွတ်အလီက ပြောကြားသည်။

အသုံးပြု

ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ကလေးငယ်နှစ်ဦး ပါဝင်သည်ဟုဆိုသည်။ အကြမ်းဖက်သမားများသည် ဈေးဆိုင်များနှင့် အဆောက်အအုံများ အပါအဝင် နီးစပ်ရာအဆောက်အအုံများကို တိုက်ခိုက်ရာတွင် ကီလိုဂရမ် ၁၈၀ရှိသော ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်ရှိ အမေရိကန်စစ်စခန်း သေနတ်သမားများက တိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၂၈

အီရတ်နိုင်ငံ အလယ်ပိုင်းဒေသရှိ အယ်လ်ကာဒီဆီယာနှင့် ဘာဘီပြည်နယ်များတွင် အမေရိကန်စစ်စခန်းတစ်ခုနှင့် ကင်းလှည့်ယာဉ် တိုက်ခိုက်ခံရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန် ကင်းလှည့်ယာဉ်က အယ်လ်ကာဒီဆီယာပြည်နယ် ဒီဝမ်နီယာ ရှုမာလီလမ်းပေါ် ဖြတ်သန်းမောင်းနှင်ရာ လမ်းဘေးဗုံးဖောက်ခွဲခံရခြင်းဖြစ်သည်ဟု အမေရိကန်တပ်ဖွဲ့၏ မီဒီယာအကြံပေး ပုဂ္ဂိုလ် နေဒါဆိုလီမန်က အီရတ်သတင်းဌာနသို့ ပြောကြားသည်။

အမည်မသိသေနတ်သမားများက ဘာဘီပြည်နယ်၏မြို့တော် ဟီလာရှိ အမေရိကန်စစ်ဘက် အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့ပြီး အဆောက်အအုံအချို့ပျက်စီးသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ဗုံးပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိသွားသော အရပ်သားတစ်ဦး ဆေးကုသမှုခံယူနေသည်ကို ဧပြီ ၂၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အိုကီနာဝါကျွန်းမှ ကန်လေတပ်စခန်းပြောင်းရွှေ့ရေး ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမ ဆုံးဖြတ်မည်

တိုကျို ဧပြီ ၂၈

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်ဖူတင်မာ လေတပ်စခန်း၏ အနာဂတ်ရေးကို မကြာမီ အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမက ဧပြီ ၂၇ရက်၌ ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမ

အဆိုပါ အမေရိကန်လေတပ်စခန်း၏ အခြေအနေမှာ အစိုးရအဆိုပြုချက်ကို မိမိတို့အလေးအနက် စဉ်းစားနေကြကြောင်း၊ မိမိအနေဖြင့် အပြီးသတ်မွမ်းမံရန် ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမက သတင်းထောက်များအား ပြောကြားသည်။

ပြောင်းရွှေ့

၂၀၀၆ခုနှစ်က နှစ်နိုင်ငံအစိုးရတို့ လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်အရ ဖူတင်မာလေတပ်စခန်းကို ပိတ်ပစ်ရမည်ဖြစ်သည်။ ထိုစခန်းရှိ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များအနက် ၈၀၀၀ကို ဂူအမ်ကျွန်းသို့ ရွှေ့ရမည်ဖြစ်ပြီး ကျန်တပ်ဖွဲ့ဝင်များကို အိုကီနာဝါကျွန်းရှိ တစ်နေရာရာသို့ ပြောင်းရွှေ့နေရာချထားရမည်ဖြစ်ရာ ပြောင်းရွှေ့စရိတ်၏ ၆၀ ရာခိုင်နှုန်းကျော်ကို ဂျပန်ကကျခံရမည်ဖြစ်သည်။

တောင်းဆို

ထိုအတောအတွင်း အိုကီနာဝါကျွန်းမှ ပြည်သူ ၉၀၀၀၀တို့က တပ်စခန်းကို အခြားသို့ပြောင်းရွှေ့ပေးရန် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ (အင်တာနက်)

တရုတ်အရှေ့ပိုင်း၌ သဲမုန်တိုင်းတိုက် သုံးဦးသေဆုံးပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိ

ကျိုနန်း ဧပြီ ၂၈

တရုတ်နိုင်ငံ ရှန်တုံပြည်နယ်အရှေ့ပိုင်း၌ ဧပြီ၂၆ရက်မှစတင်ကာ သဲမုန်တိုင်း တိုက်ခတ်သဖြင့် သုံးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်ဟု ပြည်နယ် အုပ်ချုပ်ရေးဌာနက ဧပြီ၂၈ရက်၌ ပြောကြားသည်။

ပျောက်ဆုံး

ကျူကျန်းစီရင်စု၌ သဲမုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း လှေမှောက်သဖြင့် အမျိုးသမီးနှစ်ဦးသေဆုံးကာ အမျိုးသားနှစ်ဦး ရေထဲသို့ကျပြီး ပျောက်ဆုံးလျက် ရှိသည်ဟုဆိုသည်။

အဆိုပါသဲမုန်တိုင်းကြောင့် နေအိမ် ၄၀၀၀ထက်မနည်း ပြိုကျပျက်စီးခဲ့ရပြီး စိုက်ခင်းထောင်နှင့်ချီကာ ပျက်စီးခဲ့ရသည်။ ရှန်တုံပြည်နယ်သည် တရုတ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးစိုက်ပျိုးထွက်ရှိရာ အဓိကပြည်နယ်တစ်ခုဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်ပြည် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ကုန်စည်ပြပွဲသမိုင်းတွင် ကဏ္ဍသစ်ဖွင့်လှစ်မည်

ဂျီနီဗာ ဧပြီ ၂၈

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမဆုံး ကမ္ဘာ့ကုန်စည်ပြပွဲအဖြစ် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲက သမိုင်းတွင် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ဂျီနီဗာရှိ ကုလသမဂ္ဂဆိုင်ရာတရုတ်သံအမတ်ကြီး ဟဲယာဖေ့က ဧပြီ ၂၆ရက်၌ပြောကြားသည်။

မကြုံစဖူး

ရှန်ဟိုင်းကုန်စည်ပြပွဲသည် ကုန်စည်ပြပွဲသမိုင်းနှင့် စံချိန်သစ်အများအပြားတင်မည့် လူမှုတိုးတက်ရေးများကို မကြုံစဖူးအောင် ခံ့ထည်စွာ စုစည်းပြသမည့်ပွဲတစ်ခုလည်းဖြစ်ကြောင်း ရှန်ဟိုင်းကုန်စည်ပြပွဲဆိုင်ရာ ဓာတ်ပုံပြပွဲဖွင့်ပွဲတွင် တရုတ်သံအမတ်ကြီးက ပြောကြားသည်။

ပါဝင်မည်

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၁၉၂နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၅၀တို့က ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း၊ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှုသူ သန်း ၇၀ ကျော်ရှိမည်ဟု ခန့်မှန်းကြောင်း၊ ၃ ဒသမ ၅ သန်းမှာ ပြည်ပမှလာရောက်ကြမည်ဖြစ်ကြောင်း ခန့်မှန်းသည်။ ကမ္ဘာ့နိုင်ငံ ၁၀၀ ကျော်မှ ခေါင်းဆောင်များလည်း ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရိုးရာယဉ်ကျေးမှုပြပွဲ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တန်ကျင်းမြို့၌ ကျင်းပသည့် ရိုးရာယဉ်ကျေးမှုပြပွဲကို ဧပြီ ၂၇ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဘာရာဇီးနှင့် ကာရစ်ဘီယံနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကတိပြု

ဘာရာဆီးလီးယား ဧပြီ ၂၈

ဘာရာဇီးနှင့် ကာရစ်ဘီယံဒေသတွင်း နိုင်ငံများက ယင်းတို့၏စီးပွားရေး စုစည်းခိုင်မာစေရန်နှင့် နိုင်ငံတကာ နိုင်ငံရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်စေရန်အတွက် ကတိကဝတ်ပြုကြကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဧပြီ ၂၅ရက်က ဖော်ပြထားသည်။

လက်မှတ်ရေးထိုး

ဘာရာဇီးအစိုးရနှင့်ကာရစ်ဘီယံ ၁၄နိုင်ငံမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများက ပထမအကြိမ် ဘာရာဇီး -ကာရီကွမ် ထိပ်သီးအစည်းအဝေးအပြီးတွင် ဘာရာဆီးလီးယားကြေညာချက်ကို လက်မှတ်ရေးထိုးကြပြီး စီးပွားရေးခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်စလုံးက ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

မူကြမ်းတစ်ရပ်

ဘာရာဇီးနှင့်ကာရီကွမ်သည် သမိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးခိုင်မာစေရန် ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံများအနေဖြင့် အနာဂတ်ကာလတွင် အများနှင့်ပတ်သက်သည့် မူကြမ်းတစ်ရပ်ကို ချမှတ်နိုင်မည်ဖြစ်သည်။

တွေ့ဆုံညှိနှိုင်း

အဆိုပါအစည်းအဝေးက နိုင်ငံရေးဆိုင်ရာညှိနှိုင်းမှု ယန္တရားအဖွဲ့တစ်ရပ် ထူထောင်ဖွဲ့စည်းလိုက်သည်။ ထို့ကြောင့် အဆိုပါနိုင်ငံများအနေဖြင့် ပုံမှန်တွေ့ဆုံညှိနှိုင်းနိုင်ပြီး နိုင်ငံတကာမျက်နှာစာတွင် ဘုံရပ်တည်ချက် တိုးမြှင့်စေနိုင်မည်ဖြစ်သည်။

(အင်တာနက်)

ရုရှားနိုင်ငံ၏ အကြီးဆုံးပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဗီလာဒီဗော့မြို့ရှိ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းခွင်ကို ဧပြီ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အစ္စရေးရေတပ်သင်္ဘောများ ပါလက်စတိုင်းတို့အားပစ်ခတ်

အစ္စရေးရေတပ်သင်္ဘောများသည် ဂါဇာကမ်းမြောင်ဒေသ ကမ်းခြေတစ်လျှောက်တွင် ပါလက်စတိုင်းငါးဖမ်းသမားများအား လိုက်လံပစ်ခတ်ခဲ့ကြောင်း၊ ထိခိုက်သေဆုံးမှုမရှိကြောင်း ပါလက်စတိုင်းအရာရှိများက ဧပြီ ၂၈ရက်၌ ပြောကြားသည်။

ပုံးလန့်မှုကြောင့် ခရီးသည်တင်လေယာဉ် ဆင်းသက်ခဲ့ရ

ပြင်သစ်နိုင်ငံ ပါရီမြို့မှ အမေရိကန်နိုင်ငံ အတ္တလန်တာမြို့သို့ ပျံသန်းလာသော ခရီးသည် ၂၃၅ဦး တင်ဆောင်ပျံသန်းလာသည့် လေယာဉ်ပေါ်တွင် ခရီးသည်တစ်ဦးထံမှ ဗုံးလန့်မှုကြောင့် ဘန်ဂေါလေဆိပ်သို့ ဧပြီ ၂၈ရက်၌ ဆင်းသက်ခဲ့ရကြောင်း ယင်းလေကြောင်းအရာရှိများက ပြောကြားသည်။

ရေကြောင်းလေ့လာရေးဌာန တည်ဆောက်ရန်သဘောတူညီ

မက္ကဆီကိုအစိုးရနှင့် ပြင်သစ်အစိုးရတို့အနေဖြင့် ရာသီဥတု ပြောင်းလဲမှုပြဿနာကိုင်တွယ်ဖြေရှင်းရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့လာရေးဌာန တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာကို ဧပြီ ၂၈ရက်၌ လက်မှတ်ရေးထိုးကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နျူမပြန့်ပွားရေး အစ္စရေးလက်မှတ်ထိုးရန် အီဂျစ်တိုက်တွန်း

အစ္စရေးနိုင်ငံအနေဖြင့် နျူကလီးယား မပြန့်ပွားရေးစာချုပ်ကို အမြန်ဆုံးလက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ သို့မှသာ အရှေ့အလယ်ပိုင်းဒေသတွင် နျူကလီးယားကင်းမဲ့ဇုန်တစ်ခုဖြစ်လာမည်ဟု အီဂျစ်နိုင်ငံက ဧပြီ ၂၈ရက်၌ တိုက်တွန်းလိုက်သည်။

အိန္ဒိယက အသေးစားဂြိုဟ်တုတစ်လုံး လွှတ်တင်မည်

အိန္ဒိယနိုင်ငံက ကျောင်းသားများအတွက် အသေးစားဂြိုဟ်တုတစ်လုံးကို လာမည့် မေ ၉ရက်၌ လွှတ်တင်ရန်စီစဉ်ထားကြောင်း၊ ယင်းဂြိုဟ်တုသည် အလေးချိန် ၈၅၀ဂရမ်လေးကြောင်း၊ ဂြိုဟ်တု၏အမည်ကို စတုဆက်ဟု အမည်ပေးထားကြောင်း အိန္ဒိယအာကာသသိပ္ပံပညာရှင်များက ဧပြီ ၂၈ရက်၌ ပြောကြားသည်။ ***(အောက်ပုံ)***



အီရန်က ဂြိုဟ်တုအသစ်တစ်လုံး လွှတ်တင်မည်

အီရန်နိုင်ငံက လာမည့်နှစ် မတ်လတွင် ဆက်သွယ်ရေးဂြိုဟ်တုအသစ်တစ်လုံးကို လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ အီရန်နိုင်ငံသည် ပြည်တွင်းလုပ် ဂြိုဟ်တုများကို ထုတ်လုပ်ပြီး စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုများရှိခဲ့ကြောင်း အီရန်အရာရှိများက ဧပြီ ၂၈ရက်၌ ပြောကြားသည်။

ရုရှားရေတပ်စခန်းထားရှိမှု ယူကရိန်းခွင့်ပြု

ယူကရိန်းနိုင်ငံ ခရိုင်းမိန်းကျွန်းပေါ်တွင်တည်ရှိသော ရုရှားရေတပ်အခြေစိုက်စခန်း ဆက်လက်ထားရှိရေးနှင့် ပတ်သက်ပြီး လာမည့် ၂၀၄၂ခုနှစ်အထိ ခွင့်ပြုမှုကို ယူကရိန်း ပါလီမန်က ဧပြီ ၂၈ရက်၌ သဘောတူညီလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

မာဖီးယားခေါင်းဆောင် အီတလီ၌ဖမ်းဆီးမိ

အီတလီနိုင်ငံတောင်ပိုင်း၌ ၁၇နှစ်ကြာရှောင်တိမ်းလှုပ်ရှားနေသော မာဖီးယားခေါင်းဆောင်တီဂါနီအား အီတလီရဲတပ်ဖွဲ့များက ဧပြီ၂၇ရက်တွင် အခြားအဖွဲ့ဝင်ငါးဦးနှင့်အတူ ဖမ်းဆီးမိခဲ့ကြောင်း အီတလီရဲတပ်ဖွဲ့က ဧပြီ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

အစ္စရေးကျူးကျော်မှုကိုတွန်းလှန်ရန် လက်ဘနွန်အသင့်ရှိ

အစ္စရေးတို့က လက်ဘနွန်နိုင်ငံအား ကျူးကျော်ရန်စမှုပြုလုပ်လာပါက မိမိတို့တုံ့ပြန်ရန်အသင့်ရှိကြောင်း၊ စနစ်တကျပြင်ဆင်မှုများလည်း ပြုလုပ်ထားကြောင်း လက်ဘနွန်သမ္မတမိုက်ကယ်ဆူလေမန်က ဧပြီ၂၈ရက်၌ ပြောကြားသည်။

(အင်တာနက်)

နောက်ဆုံးပေါ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တပ်မတော်ခန်းမတွင် ခင်းကျင်းပြသထား

➤ တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး ➤ ဓာတ်ပုံ မှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၈

မျက်မှောက်ခေတ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးနေသကဲ့သို့ ကုန်စည်ပြပွဲများ ကျင်းပပေးခြင်းဖြင့် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိလာစေရန် အားပေးကူညီလျက်ရှိပေသည်။

"တိုက်ခန်းနဲ့ အိမ်အလှဆင်ပစ္စည်းများ ရောင်းချပေးနေပါတယ်"

ကိုစိုးမင်းနိုင်(မန်နေဂျာ)
Shine Construction ကုမ္ပဏီ။

တွေ့ဆုံမေးမြန်း

ထို့ကြောင့်ပင် LIFE STYLE & IT 2010 ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိရာ မြန်မာ့အလင်း သတင်းအဖွဲ့အနေဖြင့် အဆိုပါပြပွဲသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကျွန်မတို့ ဒီပြပွဲကြီးကို Milky Way International Company Limited မှ စီစဉ်ကျင်းပတာ ဖြစ်ပါတယ်။ ဧပြီ ၂၈ရက်မှ မေ ၁ရက်အထိ လေးရက်တိုင်တိုင် ခင်းကျင်းပြသထားမှာ ဖြစ်ပါတယ်။ ကုမ္ပဏီ ၆၀ မှ ပြခန်း ပေါင်း ၁၁၀ ခင်းကျင်းပြသပါတယ်" ဟု Milky Way International ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်သန်းသန်းရီက မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

ဈေးနှုန်းချိုသာ

"ကျွန်တော်တို့ ဒီပြပွဲမှာ တိုက်ခန်းတွေ၊ ကွန်ဒိုတွေ၊ လုံးချင်းအိမ်ရာတွေနဲ့ ကြိတ်သားတံခါးတွေ ရောင်းချမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အိမ်တွင်းအလှဆင်ပစ္စည်းတွေလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးမှာဖြစ်ပါတယ်။ တိုက်ခန်းတန်ဖိုးမှာ အနည်းဆုံး ကျပ်သိန်း ၁၀၀မှ အများဆုံး ငွေကျပ်သိန်း ၅၀၀၀အထိ ရှိပါတယ်။ အထူးအစီအစဉ်အဖြစ် သိမ်ဖြူလမ်းထောင့် ခုနစ်လွှာမှာ ပေ ၇၀ × ပေ ၂၀ တိုက်ခန်းတစ်ခန်းကို ငွေကျပ် သိန်း ၃၉၀ဖြင့် အရစ်ကျရောင်းချပေးဖို့ စီစဉ်ထားပါတယ်" ဟု ပြပွဲခင်းကျင်းပြသသည့် Shine Construction & Home Decoration ကုမ္ပဏီမှ မန်နေဂျာ ကိုစိုးမင်းနိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ THREE FRIENDS Trading Co.,Ltd. မှ အရောင်းတာဝန်ခံ မမြဒါလီဦးက "ကျွန်မတို့ ဒီပြပွဲမှာ ခြင်ဖမ်းစက်နဲ့ အဝတ်ခြောက်စက်တွေ ရောင်းချပေးမှာဖြစ်ပါတယ်။

ခင်းကျင်းပြသထား

အဆိုပါပြပွဲတွင် UNIQUE ကုမ္ပဏီမှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Desktop နှင့် Laptop ကွန်ပျူတာတံဆိပ် အမျိုးမျိုးတို့ကိုလည်း ရောင်းချပေးရန် ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

"ဒီပြပွဲမှာ အီလက်ထရွန်နစ်ပစ္စည်းများနဲ့ ကွန်ပျူတာပစ္စည်းတွေ၊ အိမ်ဆောက်ပစ္စည်းတွေ အဓိက ခင်းကျင်းပြသ ရောင်းချပေးပါတယ်"

ဒေါ်သန်းသန်းရီ (ဒါရိုက်တာ)
Milky Way ကုမ္ပဏီ။

ထို့အပြင် KHIND ကုမ္ပဏီက မလေးရှားနိုင်ငံမှ တင်သွင်းသည့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ရေခဲသေတ္တာ အမျိုးမျိုး၊ လျှပ်စစ်ပေါင်းအိုးနှင့် ပန်ကာအမျိုးမျိုး ဒီဇိုင်းပုံဆန်း လှလှလေးများ ခင်းကျင်းရောင်းချရန် ပြင်ဆင်ထားသည်ကို တွေ့ရသည်။ တစ်ဖန် ASIA METAL ကုမ္ပဏီမှ မီးခံသေတ္တာအမျိုးမျိုးနှင့် ရုံးသုံးပရိဘောဂအမျိုးမျိုးကိုလည်း ခင်းကျင်းပြသထားသည်။ ပြခန်းအတွင်း DELL ကွန်ပျူတာကုမ္ပဏီမှ နောက်ဆုံးပေါ် ခေတ်မီလူကြိုက်များသော ကွန်ပျူတာမျိုးကိုလည်း ရောင်းချရန် ခမ်းနားစွာ ပြင်ဆင်ထားသည်။

KHIND ကုမ္ပဏီမှ ခင်းကျင်းပြသထားသော အိမ်သုံးပစ္စည်းအမျိုးမျိုးကို ဤသို့တွေ့ရသည်။

အဆိုပါပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အိမ်ရာအဆောက်အအုံဆိုင်ရာ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်း အမျိုးမျိုးနှင့် ပညာရေးဝန်ဆောင်မှု သင်တန်းများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီ Catch All ခြင်ဖမ်းစက်တွေဟာ ဈေးကွက်မှာလူကြိုက်များတဲ့ အမျိုးအစား ဖြစ်ပါတယ်"

မမြဒါလီဦး(အရောင်းတာဝန်ခံ)
THREE FRIENDS ကုမ္ပဏီ။

Catch All အမှတ်တံဆိပ် ခြင်ဖမ်းစက်တွေဟာ အသံဆူညံမှုမရှိခြင်း၊ လွယ်ကူစွာသုံးနိုင်ခြင်း၊ အပိုပစ္စည်းများ အလွယ်တကူ ရရှိနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား အသုံးပြုမှု မြင့်မားမှုမရှိခြင်း၊ ကျန်းမာရေးကို ထိခိုက်စေမည့် ဓာတုပစ္စည်းများ မပါဝင်ခြင်းတို့ကြောင့် ဈေးကွက်မှာ လူကြိုက်များလျက်ရှိပါတယ်။ အဝတ်ခြောက်စက်ကိုတော့ ANGELET နှင့် VERY GOOD အမှတ်တံဆိပ်တွေရောင်းပြီး တစ်နှစ်အာမခံပေးပါတယ်။ ဒီအဝတ်ခြောက်စက်တွေဟာ အဝတ်အစားများ လျင်မြန်စွာ ခြောက်သွေ့နိုင်ပြီး တွန့်ကြေမှုကို လျှော့ချပေးနိုင်ပါတယ်"ဟု ရှင်းပြသည်။

လေ့လာဝယ်ယူနိုင်

ယင်းပြပွဲသည် ပြည်သူများအနေဖြင့် အိုင်တီပစ္စည်းများနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုးကို ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည့် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

DELL ကွန်ပျူတာကုမ္ပဏီ၏ ခင်းကျင်းပြသမှုကို ဤသို့ တွေ့ရသည်။

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဧပြီလ ၃ ရက် (စနေနေ့) (ပထမအကြိမ်)
၂၀၁၀ ခုနှစ်၊ မေလ ၁ ရက် (စနေနေ့) (ဒုတိယအကြိမ်)

အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြစို့

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၃၀-၄-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+ နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာ မင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (စိတ်ချမ်းသာလိုလျှင်)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (Intermediate Level-17)
၁၂း၃၀ အလုပ်အကိုင် အခွင့်အလမ်း (သာသနာရေး) နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk (21) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါ တေးပဒေသာ
၁၉း၂၅ ဓာတ်လမ်းပမာ နားဆင်စရာ **မဟာနှလုံးသား**
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း ၂၀၁၀ခုနှစ် မေလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၀း၂၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ပုညခင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (လောကထဲမှ ဓမ္မရှာ)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုနိုင်သည့်ကိရိယာ အရောင်းမြှင့်တင်

ရန်ကုန် ဧပြီ ၂၈

Million Commercial Co.,Ltd. က တင်သွင်းဖြန့်ချိသော RTTS (Real Time Vehicle Tracking System) အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ် ကြည့်ရှုနိုင်သည့် ကိရိယာကို နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် မေ ၁ရက်မှ ၁၅ရက် အထိ အရောင်းမြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

RTTS (Real Time Vehicle Tracking System) ကိရိယာကို တပ်ဆင်ထားခြင်းဖြင့် မိမိပိုင် မော်တော်ယာဉ်၊ Company ပိုင် မော်တော်ယာဉ်များ၊ အဖွဲ့အစည်းပိုင် မော်တော်ယာဉ်များအား အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုနိုင်ပြီ ဖြစ်သည်။ RTTS စနစ်ကြောင့် တပ်ဆင်ထားသော မော်တော်ယာဉ်၏ စတင်ထွက်ခွာချိန်၊ ရပ်နားချိန်၊ ရောက်ရှိရာနေရာနှင့် အချိန်များ၊ သွားလာရာ လမ်းကြောင်းတစ်လျှောက်လုံးကို တိုက်ရိုက်ကြည့်ရှုနိုင်ပြီး လိုအပ်သော မှာကြားချက်များ၊ ညွှန်ကြားချက်များ၊ သတိပေးချက်များအား တိုက်ရိုက်ဆက်သွယ်နိုင်သည်။ နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် မေ ၁ရက်မှ ၁၅ရက် အတွင်း ဝယ်ယူသူများအား အထူးလက်ဆောင်များလည်း စီစဉ်ထားကြောင်း၊ Real Time Tracking System (RTTS) ဝယ်ယူသူများအား ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ City Mart Gift Card နှင့် Off Line Tracking System ဝယ်ယူသူများအတွက် ငွေကျပ် ၂၀၀၀၀တန်ဖိုးရှိ City Mart Gift Card များ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

RTTS (Real Time Vehicle Tracking System) များကို ဝယ်ယူအသုံးပြုလိုသူများအနေနှင့် Million Commercial Co.,Ltd. အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆-၁၄၉၄၅၊ ၀၉-၈၀-၂၂၀၂၅ တို့သို့ ဆက်သွယ်စုံစမ်း ဝယ်ယူအသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

တောင်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော် ဧပြီ ၂၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ရေးမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဧပြီ ၂၉ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အောင်မြင်ကျော်ကြား အာရှအနုပညာကြယ်ပွင့်များ

ပြည်ပအနုပညာသတင်း ➢ မိုးမြင့်လင်းလက်၊ စာမျက်နှာဖွဲ့စည်းမှု ➢ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

နယူးဒေလီ မေ ၂၈

အာရှသရုပ်ဆောင် အနုပညာရှင်များကို ကမ္ဘာ့ပရိသတ်များက အားပေးလျက်ရှိသည်။ အာရှသာမက ဥရောပအပါအဝင် တစ်ကမ္ဘာလုံးရှိ ပရိသတ်များ နှစ်ခြိုက်အားပေးမှုရရှိရန်လည်း အမြဲတမ်းကြိုးစားနေကြသည်ဖြစ်ရာ အပြိုင်အဆိုင်ကြိုးစားနေကြသည့် အာရှနိုင်ငံအချို့မှ နာမည်ကြီးသရုပ်ဆောင် အနုပညာရှင်များအကြောင်းကို တစေ့တစောင်း ဖော်ပြရပါလျှင်-

အိန္ဒိယဘောလီးဝုဒ် လူကြိုက်အများဆုံးရှရုတ်ခန်

အောင်မြင်မှုရရှိနေဆဲ ရှရုတ်ခန်။

အိန္ဒိယဘောလီးဝုဒ်၌ ၂၀၁၀ခုနှစ်အတွက် လူကြိုက်အများဆုံးသရုပ်ဆောင်တစ်ဦးဖြစ်သည်။ အိန္ဒိယရုပ်ရှင်အနုပညာလောက၌ အမီတာဘချမ်းပြီးလျှင် ရှရုတ်ခန်မှာ တစ်ခေတ် ထူထောင်နိုင်သည့် အမျိုးသား သရုပ်ဆောင်ပင်ဖြစ်သည်။ ရှရုတ်ခန်နှင့် အရှေးကူးမားတို့ ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်ဇာတ်ကားမှာ မေ၃၀ရက်၌ အိန္ဒိယတွင် စတင်ပြသတော့မည်ဖြစ်သည်။

ထို့အတူ ဒါရိုက်တာ ဆာဂျေးခန်ရိုက်ကူးသော မေတ္တာဘွဲ့ ဇာတ်မြူးရုပ်ရှင်ဇာတ်ကား တစ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်။ လောလောဆယ်၌ ဇာတ်ဝင်ခန်းများတွင် သရုပ်ဆောင်ရမည့် တေးသီချင်းအကများကို လေ့ကျင့်လျက်ရှိနေပြီး အမေရိကန်ဟောလီးဝုဒ်၌လည်း ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် ရှရုတ်ခန် ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်ဇာတ်ကားများဖြစ်သော "Baazigar" နှင့် "Darr"တို့ကို ပြန်လည်ဆန်းသစ် တည်းဖြတ်ကာ ထုတ်လွှင့်ပြသရန် စီစဉ်လျက်ရှိသည်။

နာမည်ကျော် တရုတ်ရုပ်ရှင်မင်းသားဂျက်လီ

ဟောလီးဝုဒ်၌ ရုပ်ရှင်ဇာတ်ကားသစ် ဆက်လက်ရိုက်ကူးမည့် ကမ္ဘာကျော် တရုတ် ရုပ်ရှင်သရုပ်ဆောင် ဂျက်လီ။

တရုတ်နိုင်ငံ၌သာမက အမေရိကန်ဟောလီးဝုဒ်တွင်လည်း အောင်မြင်ကာ ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်သည့် ဂျက်လီမှာ လောလောဆယ်၌ ရုပ်ရှင်ဇာတ်ကားအများဆုံးရိုက်ကူးနေရသူဖြစ်သည်။ အမေရိကန်ဟောလီးဝုဒ်တွင် နာမည်ကြီး တရုတ်ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် ဂျက်ကီချန်း၊ ချောင်ယွန်ဖတ်၊ ဂျက်လီတို့ကို ကမ္ဘာ့ရုပ်ရှင်ပရိသတ်များက နှစ်ခြိုက်အားပေးလက်ခံကြသည်။

ဂျက်လီသည် ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ညွှန်းတို့ကိုလည်း ကိုယ်တိုင်လုပ်ကိုင်နိုင်သူဖြစ်ရာ ရုပ်ရှင်ကား အများအပြား၌ ကိုယ်တိုင်ဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့သည်။ ရုပ်ရှင်ဇာတ်ကား အများအပြားကိုလည်း ကိုယ်တိုင်ဇာတ်လမ်းရေး၊ ဇာတ်ညွှန်းဖန်တီးသူအဖြစ် ဆောင်ရွက်နိုင်သူလည်းဖြစ်သည်။

လောလောဆယ်တွင် ဂျက်လီသည် "Crazy Heart"၊ "Batman"၊ "Batman Returns"၊ "Fist of Legend"၊ "The First Season of Merlin" စသည့် ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ထုတ်လွှင့်ရန်နှင့် အချို့ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်တည်းဖြတ်ကာ ပြသရန် စီစဉ်လျက်ရှိသည်။

ဂျက်လီသည် ဟောလီးဝုဒ်၌ လာမည့်မေလဆန်းမှ စတင်ကာ မှုခင်းဇာတ်ကြမ်းရုပ်ရှင်ဇာတ်ကား တစ်ကား၌ ပါဝင်သရုပ်ဆောင်မည် ဖြစ်သည်။

အိန္ဒိယအမျိုးသမီးသရုပ်ဆောင် လီဆာရေး

အိန္ဒိယနိုင်ငံ၌သာမက အာရှပရိသတ်များလည်း နှစ်သက်အားပေးသည့် သရုပ်ဆောင် လီဆာရေးမှာ ကင်ဆာ

ကျန်းမာရေးကောင်းမွန်လာသည့် အိန္ဒိယ အမျိုးသမီး သရုပ်ဆောင် လီဆာရေး။

ရောဂါဖြစ်ပွားနေမှုမှ ပြန်လည်သက်သာလာပြီဖြစ်သည်။ စတမ်းဆဲလ်အစားထိုးကုသခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုမှ ဟန့်တားနိုင်ခဲ့ပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာခြင်းဖြစ်သည်။

လီဆာရေးပါဝင်သရုပ်ဆောင်ထားသည့် "Cooking with Stella" ဇာတ်ကားမှာ မကြာမီပြသတော့မည်ဖြစ်သည်။ ယင်းရုပ်ရှင်ဇာတ်ကားမှာ လီဆာရေး နောက်ဆုံးရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး ယင်းဇာတ်ကားမှ ရရှိငွေများကို အိန္ဒိယရှိ အရိုးကင်ဆာရောဂါသုတေသနသို့ ခွဲဝေလှူဒါန်းမည်ဖြစ်သည်။ လီဆာရေးသည် ကနေဒါနွယ်ဖွား အိန္ဒိယနိုင်ငံသူဖြစ်ရာ သူမ၏လုပမှုမှာ ဥရောပဆန်နေသဖြင့် အိန္ဒိယပရိသတ်အပြင် ဥရောပပရိသတ်များကလည်း နှစ်ခြိုက်အားပေးကြခြင်း ဖြစ်သည်။

ရုပ်ရှင်ရိုက်ကူးမည်

ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့် လီဆာရေးသည် ရုပ်ရှင်ပြန်လည်ရိုက်ကူးရန် စီစဉ်နေပြီဖြစ်သည်။ ဒါရိုက်တာ ဆာဂျေးခန်နှင့်လည်း ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးရန် ပြင်ဆင်လျက်ရှိသည်။ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဇွန် ၃ရက်မှ ၅ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် ကိုလံဘိုရုပ်ရှင်ပွဲတော်သို့လည်း လီဆာရေး တက်ရောက်ရန် စီစဉ်ထားသည်။

အိန္ဒိယသရုပ်ဆောင် အမျိုးသမီး အီရှာဝါယာရေး

အိန္ဒိယ၌ ပရိသတ်အားပေးမှု အရှိဆုံး အီရှာဝါယာရေး။

ကမ္ဘာပေါ်တွင် အလှဆုံးအမျိုးသမီးတစ်ဦးဖြစ်သည့် အီရှာဝါယာရေးမှာ အသက် ၃၄နှစ်ရှိပြီဖြစ်သော်လည်း အိန္ဒိယဘောလီးဝုဒ်၌ အောင်မြင်ကျော်ကြားနေသည့် သရုပ်ဆောင်အမျိုးသမီးဖြစ်သည်။ လက်ရှိအိန္ဒိယရုပ်ရှင်အနုပညာလောက၌ အောင်မြင်မှုအရှိဆုံး သရုပ်ဆောင်အဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံ ကိုယ်စားပြု ကမ္ဘာ့အလှမယ်ပြိုင်ပွဲဝင်တစ်ဦးဖြစ်သည့်အပြင် အိန္ဒိယအလှမယ် ဒုတိယရရှိခဲ့သူ ဖြစ်သည်။ အီရှာဝါယာရေး၏ ဘောလီးဝုဒ် ပထမဆုံးရုပ်ရှင်ဇာတ်ကားမှာ "Aur Pyar Ho Gaya"ဖြစ်သည်။ အိန္ဒိယနိုင်ငံ တစ်ဝန်းတွင် မကြာမီအချိန်အတွင်း အီရှာဝါယာရေး ပါဝင်သရုပ်ဆောင်ထားသည့် "Umaro Jaan"နှင့် "Dhoom 2" ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်ပြသရန်စီစဉ်နေသည်။ ယခုအခါ အိန္ဒိယရုပ်ရှင်မင်းသား ဆယ်မင်ခန်နှင့် အိုဘီရိုရီတို့နှင့်အတူ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန် စီစဉ်နေသည်။ လောလောဆယ်၌ အိန္ဒိယရုပ်ရှင်လောက၌ အမျိုးသမီးသရုပ်ဆောင်များတွင် သရုပ်ဆောင်ခအမြင့်ဆုံး အနုပညာရှင်တစ်ဦးလည်းဖြစ်သည်။

အောင်မြင်နေဆဲ တရုတ်အမျိုးသမီး သရုပ်ဆောင်ဂေါင်လီ

ကမ္ဘာ့ရုပ်ရှင် ပရိသတ်များ အားပေးမှုကို ခံနေရဆဲ ဂေါင်လီ။

တရုတ်နိုင်ငံတွင်သာမက အမေရိကန် ဟောလီးဝုဒ်၌ပါ အောင်မြင်ကျော်ကြားနေသော တရုတ်အမျိုးသမီး သရုပ်ဆောင်များအနက် ဂေါင်လီက ထိပ်ဆုံး၌ ရပ်တည်နေသည်။ ဟောလီးဝုဒ်တွင် အောင်မြင်မှုရရှိနေသည့် တရုတ်အမျိုးသမီး သရုပ်ဆောင်များမှာ ကျန်စီယီ၊ မီချီလီယောင်၊ လူစီလျူနှင့် ကျန်ချင်းတို့ ဖြစ်ကြသည်။

၁၉၆၅ ခုနှစ်၌ မွေးဖွားခဲ့သော ဂေါင်လီမှာ အသက် ၅၀ နီးပါးရှိနေပြီဖြစ်သော်လည်း လှပနေဆဲ၊ အောင်မြင်မှုရရှိနေဆဲပင်ဖြစ်သည်။ တရုတ်နိုင်ငံတစ်ဝန်း ဂေါင်လီကို နှစ်ခြိုက်အားပေးနေသော ပရိသတ်ဦးရေမှာ သန်း ၃၀၀ ခန့်ရှိသည်။

ပါဝင်သရုပ်ဆောင်

ဂေါင်လီသည် ယခုအခါ တရုတ်ရာဇဝင်ဇာတ်ကားတစ်ကား၌ ထူးခြားစွာ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။ ယင်းရုပ်ရှင်ဇာတ်ကားကို ၂၀၁၀ခု နှစ်ကုန်တွင် တရုတ်နိုင်ငံတစ်ဝန်း၌ ရုံတင်ပြသရန် စီစဉ်ထားသည်။ တရုတ်ဒါရိုက်တာ ကျန်ယီမူနှင့်လည်း ရုပ်ရှင်ကားတစ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

ဂေါင်လီသည် ၂၀၀၇ ခုနှစ်၊ ၁၉၉၃ ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ်များ၌ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုများရရှိခဲ့သူဖြစ်ရာ ၂၀၁၀ ခုနှစ်၌လည်း ဟောင်ကောင်ရုပ်ရှင်မှ ချီးမြှင့်မည့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိရန် ရေပန်းစားလျက်ရှိသည်။

ကျော်ကြားနေသည့် ကျန်စီယီ

အကျော်ကြားဆုံး ကျန်စီယီ။

တရုတ်နိုင်ငံ၌သာမက အာရှပရိသတ်များပါ နှစ်ခြိုက်အားပေးသည့် တရုတ်အမျိုးသမီးသရုပ်ဆောင်မှာ ကျန်စီယီ ဖြစ်သည်။ ၁၉၇၉ခုနှစ်တွင် ပေကျင်းမြို့၌ မွေးဖွားခဲ့သူဖြစ်ရာ အသက် ၃၁နှစ် ရှိပြီဖြစ်သည်။

တရုတ်နိုင်ငံတွင်သာမက အမေရိကန် ဟောလီးဝုဒ်၌ အောင်မြင်မှုရရှိနေသူဖြစ်ပြီး ဇာတ်ဝင်ခန်းနှင့်လိုက်ဖက်စွာ သရုပ်ဆောင်နိုင်သူအဖြစ်လည်း ထင်ရှားသူဖြစ်သည်။ လောလောဆယ်၌ တရုတ်ဒါရိုက်တာ ကျန်ယီမူနှင့်အတူ ရုပ်ရှင်ဇာတ်ကား တစ်ကား ရိုက်ကူးနေပြီး ယင်းဇာတ်ကားသည် တရုတ်ရာဇဝင် ဇာတ်ကားတစ်ကား ဖြစ်သည်။

အမေရိကန်ဟောလီးဝုဒ်တွင် ဂျက်လီနှင့်အတူ ရုပ်ရှင်ဇာတ်ကားနှစ်ကား ရိုက်ကူးရန်ရှိနေပြီး လာမည့်မေလဆန်း၌ အမေရိကန်သို့သွားရောက်ရန် စီစဉ်ထားသည်။

ထို့ကြောင့် အာရှမှ ရုပ်ရှင်အနုပညာရှင်များသည် ဟောလီးဝုဒ်သာမက ကမ္ဘာ့ပရိသတ်များပါ နှစ်ခြိုက်အားပေးလက်ခံသူများ ဖြစ်ကြပါကြောင်း။ ။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၂၈

အထက(၄)တာမွေ မြတ်ဆရာပူဇော်မည်

အထက(၄)တာမွေ၌ တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၀ပြည့် ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မေ ၁ရက်(စနေနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၅၄၅၆၉၉နှင့် ၅၅၆၉၆၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တင်းနစ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တင်းနစ်အားကစားကွင်း၌ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၈ရက်မှစ၍ ၁၄ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသား အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ သက်တန်းအလိုက်ပြိုင်ပွဲများ၊ လူငယ်အမျိုးသား အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အမြွှာပူးများ တွေ့ဆုံမိတ်ဆက်ပွဲကျင်းပမည်

မြန်မာနိုင်ငံသူ နိုင်ငံသား အမြွှာပူးညီအစ်ကိုမောင်နှမများ ပထမအကြိမ် တွေ့ဆုံမိတ်ဆက်ပွဲကို မေ ၃ရက် (တနင်္လာနေ့)နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခကျောင်း၌ ကျင်းပမည်ဖြစ်သဖြင့် အမြွှာပူးညီအစ်ကို မောင်နှမများ တက်ရောက်ရန် နှိုးဆော်ထားသည်။

သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများ တက်ရောက်နိုင်

ရန်ကုန်၊ မန္တလေးနှင့်မော်လမြိုင်မြို့များရှိ သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများ၌ စာရင်းကိုင်၊ ကွန်ပျူတာ၊ ရုံးလုပ်ငန်းနှင့်လက်မှတ်ရ အတွင်းရေးမှူးသင်တန်းများကို မေ ၃ရက်တွင် ဖွင့်လှစ်မည် ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ရန်ကုန် ဖုန်း-၀၁-၅၅၅၄၉၅၊ မန္တလေးမြို့ ဖုန်း-၀၂-၃၉၁၄၈နှင့် မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၇၁၅၈တို့သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

စက်မှု(၁)အထူးဈေးရောင်းပွဲ ခင်းကျင်းထား

ရန်ကုန်မြို့ ဗဟန်းမြို့နယ် စက်မှု(၁)ဝန်ထမ်းအိမ်ရာဝင်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မေ ၂၆ရက် နံနက်က စတင်ဖွင့်လှစ်ခဲ့ပြီး မေ ၂၈ရက်အထိ ရောင်းချပေးမည်ဖြစ်သည်။ အဆိုပါ ဈေးရောင်းပွဲ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန လုပ်ငန်းခြောက်ခုမှ လူသုံးကုန်ပစ္စည်း ၂၀၀ကျော်ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ပုဏ္ဏားကျွန်း အထက မြတ်ဆရာပူဇော်ပွဲ

ပုဏ္ဏားကျွန်းမြို့ အထကတွင် ၁၉၅၂ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မေ ၉ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

အမက(၁၆)မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်မည်

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် အမက(၁၆)ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက်(စနေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သမဝါယမကောလိပ်(ဖောင်ကြီး) မြတ်ဆရာပူဇော်ပွဲ

ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး)တွင် ၁၉၉၄ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၆၂၆၂၇၄၊ ၀၉-၅၁-၀၄၃၄၉နှင့် ၂၉၈၂၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အထက(ရွှေကျင်) အာစရိယပူဇော်ပွဲကျင်းပမည်

ကျောင်းစတင်တည်ထောင်ချိန်မှ ၁၉၉၃ခုနှစ်အတွင်း အထက (ရွှေကျင်)တွင် ပညာသင်ကြားပေးခဲ့သော ဆရာ/ဆရာမများအား ပူဇော်ကန်တော့သည့် အာစရိယပူဇော်ပွဲကို မေ ၉ရက် (တနင်္ဂနွေနေ့)တွင် ရွှေကျင်မြို့၌ ကျင်းပမည်ဖြစ်ရာ ကိုကျော်မင်းနိုင် ဖုန်း-၀၅၂-၄၂၂၂၃၊ ကိုကျော်စွယ်စုံ (ရန်ကုန်)ဖုန်း-၀၉-၈၆၂၄၅၂၊ ၀၁-၃၈၇၈၉၅၊ ကိုညီညီလွင် (လိုက်ကွန်ပျူတာ) ဖုန်း-၀၅၂-၄၂၁၄၈၊ ကိုအောင်မိုး ဖုန်း-၀၅၂-၄၂၃၉၉၊ မအေးအေးမော် ဖုန်း-၀၅၂-၄၂၂၂၈၊ မခင်စုမြတ်ဝင်း(ပဲခူး) ဖုန်း-၀၉-၅၃၈၅၃၇၇၊ မသီတာ(နေပြည်တော်) ဖုန်း-၀၆၇-၄၁၆၅၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

✻ *ကျောဖုံးမှ*

တွေ့ဆုံမေးမြန်း

ပူတာအိုမြို့နှင့်ပတ်သက်ပြီး သိရှိလိုသည်များကို တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်က ''ကျွန်တော်တို့ ပူတာအိုမြို့မှာ လက်ဖက်သီးနှံကို ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန် သီးနှံတစ်ခုဖြစ်တဲ့အတွက် ပူတာအိုခရိုင်ကို လက်ဖက်ခရိုင်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ကြဖို့ သုံးနှစ်အတွင်း လက်ဖက်ဧက တစ်သိန်း ပြည့်မီရေးဆောင်ရွက်ကြဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ပါတယ်''ဟုပြောပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသည်။

ပူတာအိုမြို့နယ် လက်ဖက်သုတေသနပျိုးခြံတွင် မျိုးကိုင်းဖြင့် ဝန်ထမ်းများက လက်ဖက်ပင်များ မျိုးပွားနေစဉ်။

ထူးဖောင်ဒေးရှင်းမှ ပူတာအိုမြို့နယ် မူလာရှီဒီးကြိုးတံတားအနီးရှိ သုတေသနစိုက်ပျိုးရေးခြံတွင် ဂျပန်လက်ဖက်ပင်များကို ဒေသခံ လီဆူး အမျိုးသမီးတစ်ဦးက လက်ဖက်ပင်ရှင်သန်ကြီးထွားစေရန် ပြုလုပ်နေစဉ်။

လျာထားဆောင်ရွက်

ကချင်ပြည်နယ် လက်ဖက်ဧကတစ်သိန်း တိုးချဲ့စိုက်ပျိုးရေးစီမံချက်အရ ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ခုနှစ်နှစ်အတွင်း လက်ဖက်ဧကပေါင်း ၁၈၅၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ပူတာအိုခရိုင် လက်ဖက်ဧက ၁၀၀၀၀ တိုးချဲ့စိုက်ပျိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပူတာအိုခရိုင်အတွင်း လက်ဖက်စိုက်ခင်းများကို နေရာအနှံ့၌ တွေ့ရသည်။

စိုက်ပျိုးမည်

၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ပူတာအိုမြို့နယ်အတွင်းရှိ မန်စေခွန်၊ မန်စေ၊ ပန်းမတီး၊ မာမူးလဲ၊ ပူတောင်း၊ ကောင်ကထောင်၊ တုံလီထု၊ ပါအင်၊ လေယာဉ်ကွင်း၊ လုံးစွတ်၊ ဒုတ္တန်၊ နမ်ထွမ်ရူး၊ ဆာရ်ခွမ်ဒမ်း၊ မကတ်ဖုံ၊ လန်းတောင်၊ ဇီးအွန်၊ မူလာရှီဒီး၊ ဖတ်မာ၊ လုံရှာယန်၊ ဆွမ်ပီယာန် စသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ၂၀၀၉-၂၀၁၀ ခုနှစ် ၅၅၅ ဧက၊ ၂၀၁၀-၂၀၁၁ ခုနှစ် ၁၂၈၅ ဧက၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဧက ၁၈၅၀၊ ၂၀၁၂-၂၀၁၃ ခုနှစ် ၂၇၇၅ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဧက ၃၇၀၀၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဧက ၃၇၀၀ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၄၆၄၅ ဧကဖြင့် စုစုပေါင်း ဧက ၁၈၅၅၀ စိုက်ပျိုးမည်ဖြစ်သည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဝင်းက ၂၀၀၉-၂၀၁၀ ခုနှစ် ပူတာအိုမြို့နယ် လျာထားဧက ၅၅၅ ဧကအနက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေးပို့သော တရုတ်လက်ဖက်မျိုးများ၊ ဒေသလက်ဖက်များဖြင့် ၂၉၁ ဧကကို ကိုင်းပျိုးများ၊ ပျိုးပင်ငယ်များဖြင့် စိုက်ပျိုးပြီးစီးမှုနှင့် ကျန် ၂၆၄ ဧကကို စာရိတ္တကွင်း၊ ထပါဒမ်းကွင်းများတွင် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ပြောပြသည်။

ဖြန့်ဝေစိုက်ပျိုး

ပူတာအိုမြို့နယ်အတွင်း ၂၀၁၀-၂၀၁၁ ခုနှစ်တွင် လက်ဖက်လျာထားဧက ပြည့်မီစေရေးအတွက် ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာများရှိ ဒေသခံတောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ကောင်ကထောင်ရပ်ကွက်၊ မတ်ပန်ကွင်းအနီးရှိ စိုက်ပျိုးရေးဝင်း အတွင်း ပျိုးခြံလေးခြံ တည်ထောင်ကာ ပျိုးခြံတစ်ခြံလျှင် ပျိုးပင်ငါးသောင်းဖြင့် နှစ်ခြံမှ ပျိုးပင်တစ်သိန်း ပျိုးထောင်ထားကာ ကိုင်းပျိုးလေးပေါင်မှ အပင် ၆၂၀၀၊ အစေ့ပျိုး လေးပေါင်မှ အပင် ၆၂၀၀တို့ကို ပျိုးထောင်ထားပြီး ကျန်ပျိုးခြံ သုံးခြံတွင် တရုတ်ပြည် ထိန်ချုံမှ မျိုးစေ့တစ်သိန်းခွဲ မှာယူပြီး ဆက်လက် ပျိုးထောင်ကာ ဒေသခံတောင်သူများအား ဖြန့်ဝေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြန့်ဖြူးပေးလျက်ရှိ

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှပေးပို့သော လက်ဖက်ပျိုးပင်များကို ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇေယျ ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်တို့ အဖွဲ့က စနစ်တကျ စစ်ဆေးကာ ဖြန့်ဖြူးပေးလျက်ရှိသည်။

မချမ်းဘောမြို့နယ်ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ မချမ်းဘောမြို့နယ် အင်ဂျင်နီယာ၊ လူမှုထူးချွန် တတိယဆင့်၊ ပူတာအိုခရိုင်အတွင်း ခုနစ်နှစ်ကြာ တာဝန်ထမ်းဆောင်လျက်ရှိသော ဒေသကျွမ်းကျင်သည့် ဦးတင်ဝင်းလှိုင်၊ ပူတာအိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမိုးကျော်သိန်း၊ ဦးထမန်ယုံ(ခတ်ပုံ)နှင့် သတင်းခရီးသည်တို့သည် မော်တော်ဆိုင်ကယ်များဖြင့် လက်ဖက်စိုက်ခင်းများနှင့် ဒေသစိုက်ခင်းများကို ခရီးကြမ်းနှင်ကာ သွားရောက်ကြသည်။

အားမာန်အပြည့်

ပူတာအိုလေဆိပ်အနီး လေယာဉ်ကွင်းရပ်ကွက်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေးဝေသည့် လက်ဖက်မျိုးကောင်းများကို အစီအရီ စိုက်ပျိုးထားသည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လက်ဖက်သုတေသနပျိုးခြံကို တွေ့ရစဉ်။

နီကြင်ကြင်မြေပေါ်တွင် စိမ်းစိုနေသော လက်ဖက်ပျိုးပင်များကား အားမာန်အပြည့်နှင့် ရှင်သန်နေကြသည်။ ဆန်းသစ်သော မြင်ကွင်းများပင် ဖြစ်သည်။

သတင်းခရီးသည်တို့သည် ပူတာအိုလေယာဉ်ကွင်းကိုပတ်ကာ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးတစ်ဦးက ရည်ရွယ်ချက် (၅)ရပ်၊ လုပ်ငန်းစီမံချက် (၅)ခု၊ ဒေသအလိုက် စီမံကိန်း (၅)ခုချမှတ်ကာ ဒေသဖွံ့ဖြိုးရေးကို လက်တွေ့ကျကျ ဆောင်ရွက်နေသည့် မူလာရှီဒီးကျေးရွာသို့ သွားရောက်လေ့လာခဲ့သည်။

စမ်းသပ်သုတေသနစိုက်ခင်း

ဒေသအလိုက် စီမံကိန်း (၅)ခုမှ ဘိန်းအစားထိုးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံကိန်းပါဝင်သည့် အားလျော်စွာ ပူတာအိုမြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးရန် စမ်းသပ် သုတေသနစိုက်ခင်းသို့ ရောက်ရှိခဲ့သည်။

ယင်းစိုက်ခင်းမှာ မူလာရှီဒီးကြိုးတံတားထိပ်တွင် တည်ရှိပါသည်။ မူလာရှီဒီးကြိုးတံတားမှာ ပူတာအို-ဆွမ်ပရာဘွမ်သွား မော်တော်ကားလမ်းပေါ်၌ မူလာရှီဒီးချောင်းကို ဖြတ်၍ ဆောက်လုပ်ထားသည်။ ချောင်းတစ်ဖက်စီတွင် မူလာရှီဒီးယာနှင့် ရေကျော်ရှီဒီးယာများ ရှိသည်။

ဒေသခံအများစုမှာ လီဆူးများသာ ဖြစ်သည်။ မူလာရှီဒီးကျေးရွာအုပ်စုအတွင်း ဇီဖွေဒီ၊ မူလာရှီဒီး၊ ရီကျော်ဒီ၊ စီစီဒီ၊ လန်းဒို(၁)၊ လန်းဒို(၂)နှင့် အာဒေဒီ စသည့် ကျေးရွာများ ပါဝင်ကြောင်း သိရသည်။

မေအင်မတ်(စ်)ကုမ္ပဏီမှ ပူတာအိုလေယာဉ်ကွင်းအနီး လက်ဖက်ငါးဧကကို စိုက်ပျိုးစဉ်။

တက်ကြွမြူးထူး

လီဆူးဘာသာစကားဖြင့် 'ဒီ'၏ အဓိပ္ပာယ်မှာ လွင်ပြင်ဟုခေါ်ဆိုကြောင်း မူလာရှီဒီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအားခီတော်က ပြောပြသည်။ သတင်းခရီးသည် ရောက်ရှိချိန်ကား ပူတာအိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ကောင်ကထောင်ရပ်ကွက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည့် မူလာရှီဒီး(က)အသင်း အတီးအမှုတ်များဖြင့် မြို့ပေါ်သို့ အောင်ပွဲရ ဒိုင်းဆုကြီး လှည့်လည်ပြသရန် ဆောင်ရွက်နေချိန်ဖြစ်ရာ အားကစားလူငယ်များ တက်ကြွမြူးထူးနေသည်ကို အားရစဖွယ် တွေ့ရသည်။

ထူးဖောင်ဒေးရှင်းမှ ကချင်ပြည်နယ် ပူတာအိုမြို့နယ် မူလာရှီဒီးကြိုးတံတားအနီးရှိ သုတေသနစိုက်ပျိုးရေးခြံတွင် တာဝန်ခံ ဦးချမ်းမြေ့အောင်က သုတေသနပြုထားသည့် သစ်ပင်များကို လိုက်လံရှင်းလင်းပြသစဉ်။

သုတေသနစိုက်ခင်းသို့ ရောက်သည်နှင့် သုတေသနခြံ တာဝန်ခံ ဦးချမ်းမြေ့အောင်က ဂျပန်မျိုးများဖြစ်သည့် လက်ဖက်၊ တည်သီး၊ သစ်တော်၊ သစ်အယ်၊ စပျစ်နီ၊ စပျစ်ဝါ၊ မက်မွန်စသည်တို့ ငါးဧက စမ်းသပ်စိုက်ပျိုးထားမှုနှင့် အောင်မြင်မှုကို ရှင်းလင်းပြသသည်။

အလုပ်အကိုင်အခွင့်အလမ်း

နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထားသဖြင့် သုတေသနပြု သစ်ပင်များ အောင်မြင်ရှင်သန် စိမ်းစိုနေသကဲ့သို့ ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေသဖြင့် အဆင်ပြေနေကြသည်။

အဆိုပါ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးမှ မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲအတွက် ငွေကျပ် ၁၀သိန်း လှူဒါန်းပြီး ဒေသခံတိုင်းရင်းသား လီဆူး၊ ကချင်၊ ရဝမ်၊ ဗမာ အားကစား လူငယ်များကို အားပေးသဖြင့် မြို့နယ်ဥက္ကဋ္ဌဖလားပြိုင်ပွဲတွင် ပထမရသည်အထိ အောင်မြင်ခဲ့ပေသည်။

သတင်းခရီးသည်တို့အဖွဲ့သည် ပူတာအိုမှ လေယာဉ်ကွင်းရပ်ကွက်-မချမ်းဘော လမ်းခွဲအတိုင်း ဆာရ်ခွမ်ဒမ်းရွာ - ပင်စင်ရွာ - စာရိတ္တရွာ-ထဝါတန်းရွာများသို့ မော်တော်ဆိုင်ကယ်များဖြင့်ခရီး ဆက်ခဲ့သည်။

ဆာရ်ခွမ်ဒမ်းရွာအနီး လမ်းဘေးတွင် စိုက်ပျိုးထားသော ဒေသမျိုးလက်ဖက်ပင်များမှာ လေးပေအထက်တွင်ရှိနေပြီး အောင်မြင်ဖြစ်ထွန်းနေကြောင်း တွေ့ရသည်။

မုချအောင်မြင်မည်

ပူတာအိုမြို့နယ် အနေဖြင့် လက်ဖက် သုတေသနပျိုးခြံနှင့် ရပ်ကွက်၊ ကျေးရွာအလိုက် ပျိုးခြံများ၊ ဌာနဆိုင်ရာပျိုးခြံများ ပျိုးထောင်ထားရှိမှုအခြေအနေကို မြို့နယ်ဥက္ကဋ္ဌအဖွဲ့ ခေါင်းဆောင်ကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာတို့ ပါဝင်သော စစ်ဆေးရေးအဖွဲ့က ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုဖြင့် သတ်မှတ်ကာလအတွင်း ရည်မှန်းချက်ဧကအတိုင်း လက်ဖက်များ စိုက်ပျိုးလျက်ရှိရာ ပူတာအိုခရိုင်သည် လက်ဖက်ခရိုင်ဖြစ်ရမည်ဟု ရည်မှန်းထားသည့်အတိုင်း လက်ဖက်စိုက်ပျိုးရနိုင်သော ရေ၊ မြေ၊ သဘာဝကောင်းမွန်သဖြင့် မုချအောင်မြင်ပေလိမ့်မည်။

စိုက်ပျိုးပြီးစီး

ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများမှ ၁၃၉၅ ဧကတွင် လက်ဖက်ပင် ၇၅၉၅၇၇၅ ပင် စိုက်ရန်လျာထားရာ ယခုအခါ လပြည့်ဝန်းကုမ္ပဏီ၊ မေအင်မတ်(စ်) ကုမ္ပဏီ၊ ဦးပုတိ (ဦးနော်ခမ်းမိုင်)၊ ဝန်ထမ်း စုပေါင်းစိုက်ခင်း၊ ထဝါဒမ်းစိုက်ခင်း၊ စာရိတ္တစိုက်ခင်း၊ ပူတာအိုမြို့နယ် (ဌာနဆိုင်ရာ၊ ပုဂ္ဂလိက)၊ မချမ်းဘောမြို့နယ် (ဌာနဆိုင်ရာ၊ ပုဂ္ဂလိက)၊ ခေါင်လန်ဖူးမြို့နယ် (ဌာနဆိုင်ရာ၊ ပုဂ္ဂလိက)၊ နောင်မွန်မြို့နယ် (ဌာနဆိုင်ရာ၊ ပုဂ္ဂလိက)၊ ဆွမ်ပရာဘွမ်မြို့နယ် (ဌာနဆိုင်ရာ၊ ပုဂ္ဂလိက)၊ ပန်နန်းဒင်မြို့နယ် (ဌာနဆိုင်ရာ၊ ပုဂ္ဂလိက)တို့က စိုက်ပျိုးမြေ ၅၈၉ ဒသမ ၉ ဧကတွင် ၃၂၁၁၉၉၇ပင် စိုက်ပျိုးပြီးစီးကြောင်း သိခဲ့ရသည်။

အလှဝေဖြာ

စိုက်ရန်ကျန်သည့် လက်ဖက်ပင် ၄၃၈၃၇၇၈ ပင်ကို ဆက်လက်စိုက်ပျိုးပြီးပါက ပူတာအိုခရိုင်သည် မုချ လက်ဖက်ခရိုင်ဖြစ်လာပြီး ဒေသဖွံ့ဖြိုးမှု မြင်ကွင်းအလှကို တစ်မျိုး အသွင်ဆန်းကာ အလှဝေဖြာပေးမည့်အပြင် ဒေသခံပြည်သူ တိုင်းရင်းသားများ အပိုဝင်ငွေရရှိသည့်အလျောက် လူနေမှုဘဝ မြင့်မားတိုးတက်လာမည်ကား မုချဧကန် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ပြည်သူလူထုအခြေပြု ကျန်းမာရေးစီမံချက် ဆောင်ရွက်မှု မိခင်နှင့်ကလေး သေဆုံးမှုနှုန်း သိသိသာသာကျဆင်းလာ

နေပြည်တော် ဧပြီ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနကဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးစီမံချက် တိုးချဲ့မြို့နယ်များ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အထူးဦးစားပေး

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာပေါ်၌ နေ့စဉ် မိခင် ၁၆၀၀ခန့်နှင့် မွေးကင်းစကလေး ၅၀၀၀ခန့်သည် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးတွင် ဖြစ်လာသည့် နောက်ဆက်တွဲ ပြဿနာများကြောင့် သေဆုံးနေကြရကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းများသည် နိုင်ငံတော်၏အရေးကြီးပြီး အခြေခံကျသည့် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးအညွှန်းကိန်းများဖြစ်၍ မိခင်၊ ကလေးကျန်းမာရေးကိစ္စများကို အထူးဦးစားပေး ကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသအထိကျန်းမာရေးဝန်ထမ်းများခန့်အပ်၍ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်နေသော်လည်း ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတနည်းပါးမှု အပါအဝင် အခြားအခက်အခဲတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား လက်လှမ်းမီနိုင်မှု နည်းပါးနေသေးသည်ကိုတွေ့ရကြောင်း။

အထူးသဖြင့် အရေးပေါ် အခြေအနေများတွင် သက်ဆိုင်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မီမရောက်ရှိသဖြင့် အသက်ဆုံးရှုံးသွားရသည့် ကလေးများနှင့် မိခင်များရှိနေကြောင်း၊ မိခင်နှင့်ကလေး သေဆုံးမှုနှုန်း လျော့နည်းစေရန် ရည်ရွယ်လျက် ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနစိတ် အနေဖြင့် JICA / JOICFP ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးစီမံချက်ကို ၂၀၀၅ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲနှင့် နောင်ချိုမြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ပိုမိုမြင့်မားလာ

ရလဒ်များအနေဖြင့် ကျောက်မဲနှင့် နောင်ချိုမြို့နယ်များရှိ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်များရှိ မိခင်သေဆုံးမှုနှုန်း၊ တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်းနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းများသည် စီမံချက် မစတင်မီကာလနှင့် နှိုင်းယှဉ်ကြည့်ပါက သိသိသာသာ ကျဆင်းလာသည်ကိုတွေ့ရှိရကြောင်း။

ပူးပေါင်းပါဝင်

ကိုယ်ဝန်ဆောင်မိခင်တိုင်းသည် အချိန်မရွေးအန္တရာယ်ရှိနိုင်ကြောင်း၊ သို့ရာတွင် အချိန်မီ ကုသနိုင်ပါက အသေအပျောက်ကင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်မီရောက်ရှိနိုင်ရန် ကိုယ်ဝန်ဆောင်မိခင်များ နေအိမ်မှ ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရှိစေရန် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် မရှိမဖြစ်အရေးကြီးကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိခင်နှင့်ကလေးသေနှုန်း ကျဆင်းရန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များမှ တာဝန်ရှိသူများအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ၍ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီး ဆွေးနွေးပွဲကို ယနေ့မှ ဧပြီ ၂၉ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးစီမံချက် တိုးချဲ့မြို့နယ်များ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ *ကျော့ဖုံးမှ*

ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်မှုအနေဖြင့် မိုးဦးကာလဖြစ်သည့် မေလနှင့် ဇွန်လတို့တွင် တစ်ကြိမ်၊ မိုးလယ်ကာလဖြစ်သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် နှစ်ကြိမ်နှင့် မိုးနှောင်းကာလဖြစ်သည့် စက်တင်ဘာလတွင် တစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းရသည်။

သုံးသပ်ခန့်မှန်း

ပြည်နယ်နှင့် တိုင်းအသီးသီးအတွက် မိုးရွာသွန်းမှုအနေဖြင့် မိုးဦးကာလနှင့် မိုးလယ်ကာလတို့တွင် ရွာသွန်းမြဲခန့် ရွာသွန်းနိုင်ပြီး မိုးနှောင်းကာလတွင် ရွာသွန်းမြဲထက် ပိုမိုရွာသွန်းနိုင်သည်။ မြန်မာနိုင်ငံ မြစ်ကြီးများအတွက် မိုးဦးကာလတွင် မြစ်ရေကြီးနိုင်မှု အခြေအနေမရှိနိုင်ကြောင်း၊ မိုးလယ်ကာလတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် တစ်ကြိမ်ခန့်စီ၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်တို့တွင် နှစ်ကြိမ်ခန့်စီ၊ မိုးနှောင်းကာလတွင် စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့တွင် တစ်ကြိမ်ခန့်စီ စိုးရိမ်ရေမှတ်သို့ အသီးသီး ရောက်ရှိနိုင်သည်ဟု သုံးသပ်ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် ၃၂ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိ

နေပြည်တော် ဧပြီ ၂၈

ဧပြီ၁၅ရက်နေ့က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ပုံးပေါက်ကွဲမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးရုံအသီးသီးတို့၌ ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာရလူနာ ၁၇၀အနက် လူနာအများစုမှာဆေးရုံမှ ဆင်းသွားနိုင်ခဲ့ပြီး အမျိုးသား ၄၂ဦး၊ အမျိုးသမီး ၁၈ဦး စုစုပေါင်း ၆၀သာ ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်ခံယူ

ယခုအခါ အဆိုပါ ဆေးကုသမှုခံယူလျက်ရှိသော လက်ကျန်ဒဏ်ရာရလူနာများအနက် သက်သာပျောက်ကင်းသူများ ဆေးရုံမှ ထပ်မံဆင်းသွားနိုင်ခဲ့ပြီး ယနေ့အထိ အမျိုးသား ၁၉ဦး၊ အမျိုးသမီး ၁၃ဦး စုစုပေါင်း ၃၂ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ်လအတွင်း မူးယစ်ဆေးဝါး ၂၁၆မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် ဧပြီ ၂၈

၂၀၁၀ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၁၆မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၅မှု (အလေးချိန် ၁၅၅ ဒသမ ၅၅၂၃ ကီလို)၊ ဘိန်းဖြူ ၅၀ (အလေးချိန် ၁ ဒသမ ၅၈၇၄ ကီလို)၊ ဘိန်းဆီခဲ ရှစ်မှု (အလေးချိန် ၅ ဒသမ ၉၂၆၄ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၀ မှု (အလေးချိန် ၄၆ ဒသမ ၇၈၅၇ ကီလို)၊ ဆေးခြောက် ၁၇မှု (အလေးချိန် ၂၁ ဒသမ ၈၇၉ ကီလို)၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၈ မှု (၅၅၄၆၉၉ဒသမ၇ ပြား)၊ ဘိန်းညီမှုန့် တစ်မှု(အလေးချိန် ၉၈ဒသမ၂ကီလို)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် ၁၃သမ ၆ကီလို)၊ ကေဖင်း ၁၄ ကီလို၊ ဘိန်းရည် တစ်မှု (အလေးချိန် ၂ ဒသမ၄၅လစ်တာ)၊ ချောင်းဆိုးပျောက်ဆေးရည် (၀ ဒသမ ၀၆ လစ်တာ)၊ ဓာတုဆေးရည် တစ်မှု (အလေးချိန် ၂၀၉ လစ်တာ)၊ ဓာတုဆေးမှုန့် တစ်မှု (အလေးချိန် ၂၁၉၈ ဒသမ ၅ ကီလို)၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား တစ်မှု (၁၀၇၂၅၀ ပြား)၊ အိုက်(စ်) တစ်မှု (အလေးချိန် ၂ ကီလို)၊ စိတ်ကြွ ဆေးမှုန့် (၄၂ ဒသမ ၄ ကီလို)၊ ဘိန်းစာမှုန့် ၁၀ မှု (အလေးချိန် ၁၀ ဒသမ ၆၈၄၃ ကီလို)၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု ၁၀မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အမှုပေါင်း ၂၁၆မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၂၇၂ဦးနှင့် တရားခံအမျိုးသမီး ၅၈ဦး စုစုပေါင်း ၃၃၀ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ဝမ်းလျှောဝမ်းပျက်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အန်ဖတ်များတွင် ပါရှိသည်။ ဝမ်းနှင့် အန်ဖတ်များထဲမှ ရောဂါပိုးများ ရေနှင့်အစားအစာများထဲသို့ ရောက်ရှိပြီး လူတို့စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ ဝမ်းလျှောဝမ်းပျက်စေနိုင်သည့်အကြောင်းများ

(၁) ယင်လုံအိမ်သာအသုံးမပြုဘဲ မြေပြင်ပေါ်တွင် မစင်စွန့်ခြင်း
(၂) ယင်အုံ ယင်နားစာများ စားသောက်ခြင်း
(၃) မလတ်ဆတ်သော အစားအစာများ စားသုံးခြင်း
(၄) ချောင်းရေဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောခြင်း
(၅) ချောင်းရေကို မကျိုချက်ဘဲသောက်ခြင်း
(၆) အစားအစာမကိုင်တွယ် မစားသောက်မီနှင့် မစင်စွန့်ပြီးချိန်တွင် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်မဆေးခြင်း

၃။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားကူးစက်မှုမရှိရန်

(၁) သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုပါ။ မြေပြင်ပေါ်တွင် မစင်မစွန့်ပါနှင့်။ ယင်မလုံပါက ထုံး၊ ပြာ၊ မြေကြီးဖြင့်ဖုံးပါ။
(၂) ယင်ပေါက်ပွားမှုမရှိအောင် အမှိုက်သရိုက်များကို ကျင်းတူး၍ စွန့်ပစ်ပြီး နေ့စဉ် ထုံး သို့မဟုတ် မြေကြီးဖြင့်ဖုံးပါ။
(၃) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ပါ။ ယင်နားစာများ မစားပါနှင့်။
(၄) အစားအစာများကို ပူပူနွေးနွေး စားသောက်ပါ။ ဝမ်းနုံးစာများနှင့် ပြင်ပမှ အစာများ မစားပါနှင့်။
(၅) ချောင်းရေမြောင်းရေများကို မသောက်ပါနှင့်။ ဆေးကြောရာတွင် မသုံးပါနှင့်။
(၆) ချောင်းအတွင်းရေချိုးခြင်း၊ ရေကူးခြင်းနှင့် ချောင်းအနီးတွင် အဝတ်လျှော်ခြင်း မပြုပါနှင့်။
(၇) ရေကို ကျိုချက်၍သောက်ပါ။
(၈) အိမ်ရာများမှ ရေလှောင်ကန်များထဲသို့ ရေပုံးနှင့် မခပ်ပါနှင့်။
(၉) အိမ်သာမှအဆင်းနှင့် အစားအစာများကို မကိုင်တွယ် မစားသောက်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးပါ။
(၁၀) ဝမ်းလျှောဝမ်းပျက်လူနာများနှင့် လူနာပြုစုသူများသည် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာဆေးကြောပါ။
(၁၁) လူနာကို ကိုင်တွယ်ပြုစုပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာ ဆေးကြောပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဝမ်းလျှောဝမ်းပျက်ရောဂါ

နှိုးဆော်ချက်-၂

မိုးရာသီတွင် သောက်သုံးရေများအတွင်းသို့ ညစ်ညမ်းသည့် ရေများစီးဝင်ခြင်း၊ သစ်သီးမှည့်အခွံများ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ကောင်များပေါများခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်းတို့ကြောင့် ပြင်းထန်သည့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ဆုံးရှုံး၍ အားအင်ကုန်ခမ်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် အသက်အန္တရာယ်ထိခိုက်မှုမှ ကာကွယ်ရန် ဆုံးရှုံးသွားသည့်ရေနှင့် ဆားဓာတ်များကို အချိန်မီဖြည့်တင်းရန် လိုအပ်ပါသည်။

သို့ပါ၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာပြသ၍ ကုသမှုခံယူရန် အသိပေးတိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

Pacific Digital Photo Service & Digital Camera Shop မှ ပစ္စည်းများ ရောင်းချပေးလျက်ရှိ

ရန်ကုန် ဧပြီ ၂၈

Life Style & IT ၂၀၁၀ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲကို ဧပြီ ၂၈ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိရာ Pacific Digital Photo Service & Digital Camera Shop မှ ရုပ်ထွက်ကြည်လင် ပြတ်သားပြီး နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် Digital Camera များနှင့် Video Camera မျိုးစုံ၊ အရည်အသွေးမီ ဓာတ်ခဲမျိုးစုံနှင့် Camera ဆက်စပ်ပစ္စည်းများကို ပစ္စည်းမှန်၊ ဈေးနှုန်းချိုသာစွာဖြင့် ပြသရောင်းချ ပေးလျက်ရှိသည်။

Pacific Digital Photo Service & Digital Camera Shop မှ ဓာတ်ပုံများကို အရည်အသွေးမီ ကြည်လင်ပြတ်သားစွာဖြင့် ခုအပ်၊ ခုယူ အမြန်ဆုံးကူးစနစ်ဖြင့် Digital စက်သစ်ကြီးများဖြင့် (4" x 6") မှ (24" x 100")အထိ ဓာတ်ပုံဆိုဒ်မျိုးစုံကို ကူးယူဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ပြသရောင်းချရာတွင် ပြင်ပရှိ ရောင်းဈေးထက် ကင်မရာအမျိုးအစားပေါ်မူတည်၍ လျှော့ဈေးဖြင့် ရောင်းချသွားမည်ဖြစ်ပြီးပစ္စည်းများကို တစ်နှစ်အာမခံ ပေးထားမည်ဖြစ်သည်။

Pacific Digital Photo Service & Digital Camera Shop မှ Digital Camera များနှင့် Video Camera များကို လာရောက်ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အမှတ်(၁၇၇/၁၇၉) အနော်ရထာလမ်းနှင့် ၃၃လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၁၇၃၊ ၂၄၁၀၇၃ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။**(အောက်ပုံ) (သတင်းစဉ်)**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Dr.Shin Imai လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဦးဌေးဦးအား FAO ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr.Shin Imai သည် ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားရေးအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို ဆွေးနွေးကြသည်။ ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူငယ့်အားမာန် သွေးလှူရှင်အသင်း စည်းဝေး

လက်ပံတန်း ဧပြီ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ လူငယ့်အားမာန် သွေးလှူရှင်အသင်း နှစ်ပတ်လည်အခမ်းအနားကို မီးသတ်ခန်းမ၌ ဧပြီ ၂၅ ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်လတ်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးမူတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌက အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ အသင်းဥက္ကဋ္ဌက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၇၅)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၄/၂၀၁၀) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တင်ပြ

အစည်းအဝေးတွင် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး) က ယခင်(၃/၂၀၁၀) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။ ထို့နောက် မေ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အစည်းအဝေးခန်းမ၌ကျင်းပမည့် ပဉ္စမအကြိမ် စာပေညီလာခံနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည် ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ-တရုတ် ဂူရှူးသရုပ်ပြပွဲပြသရန် တရုတ်ဂူရှူးအဖွဲ့ရောက်ရှိ

ရန်ကုန် ဧပြီ ၂၈

မြန်မာ-တရုတ် သံတမန်ဆက်သွယ်မှု နှစ် (၆၀)ပြည့် အထိမ်းအမှတ် ဂူရှူးသရုပ်ပြပွဲကို သရုပ်ပြသရန် တရုတ်နိုင်ငံဂူရှူးအဖွဲ့သည် ယနေ့နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုးဆစ်ထွန်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** တရုတ်နိုင်ငံဂူရှူးအဖွဲ့တွင် အုပ်ချုပ်နည်းပြအဖွဲ့ဝင် ခြောက်ဦး၊ ကစားသမား ၂၀၊ စုစုပေါင်း ၂၆ဦး လိုက်ပါလာကြသည်။

(သတင်းစဉ်)

လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပြည်နယ်နှင့်တိုင်းအချို့၌ ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့

နေပြည်တော် ဧပြီ ၂၈

ဧပြီ ၂၃ ရက်မှ ၂၆ရက်အတွင်း ပြည်နယ်၊ တိုင်းအချို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှု အချို့ရှိခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်း

မကွေးတိုင်း အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့၌ ဧပြီ ၂၃ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့၊ စာသင်ကျောင်းဆောင်အချို့၏ အမိုးသွပ်များလန်ခြင်း၊ တဲအိမ်၁၅လုံးခန့် ပြိုလဲပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

မိုးသည်းထန်

နန်းယွန်းမြို့နယ် ကြိုင်ရိုင်ကျေးရွာ၊ ကွန်ဟိန်းမြို့နယ် ပိန်းခြံကျေးရွာ၊ ကျိုင်းတုံ၊ တန့်ယန်း မြို့နယ်တို့၌ ဧပြီ ၂၄ရက် မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာ စာသင်ကျောင်းအချို့ အမိုးလန်ခြင်း၊ တဲအိမ်ခြောက်လုံး ပြိုလဲခြင်း၊ ရုံးအဆောက်အအုံအချို့ အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နန်းယွန်းမြို့နယ် ကြိုင်ရိုင်ကျေးရွာ၌ အိမ်လဲပြိုမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

လေပြင်းတိုက်ခတ်

အလားတူ နေပြည်တော်တပ်ကုန်းနှင့် ဘုတလင်မြို့နယ်တို့၌ ဧပြီ ၂၄ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးလန်ခြင်း၊ သစ်ပင်များ ကျိုးကျ၍ ခိုင်းနွားနှစ်ကောင် သေဆုံးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လဲပြို

ကသာ၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ တီးတိန်နှင့်ကျောက်မဲမြို့နယ်တို့၌ ဧပြီ ၂၅ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်၊ စာသင်ကျောင်းနှင့် ရုံးအဆောက်အအုံအချို့ အမိုးလန်ခြင်း၊ လျှပ်စစ်မီးတိုင်များ လဲပြိုခြင်း ဖြစ်ပေါ်ခဲ့ပြီး လူ၊ တိရစ္ဆာန်ထိခိုက် ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

လမ်းပိတ်ဆို့

ပခုက္ကူ၊ ရေစကြိုနှင့် ညောင်ဦးမြို့နယ်တို့၌ ဧပြီ ၂၆ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း၊ အားကစားရုံ၊ ရုံးအဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ အမိုးများလန်ခြင်း၊ လမ်းမများပေါ်ရှိ သစ်ပင်ကြီးများနှင့် ဓာတ်တိုင်များ လဲကျ၍ လမ်းပိတ်ဆို့ခြင်း၊ လျှပ်စစ်မီးများ ပြတ်တောက်ခြင်းစသည်တို့ဖြစ်ပေါ်ခဲ့ကြောင်း၊ လူငါးဦး (မစိုးရိမ်ရ) ဒဏ်ရာရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုး ကူညီခြင်း၊ ပြိုလဲပြတ်တောက် ပိတ်ဆို့မှုများအား အမြန်ဆုံးရှင်းလင်းဖယ်ရှား ပြုပြင်ခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

ထူးခြားသည့် နေ့အပူချိန်

၂၈-၄-၂၀၁၀

သာယာဝတီမြို့

၄၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်

နေပြည်တော်ပျဉ်းမနား

၄၂ ဒီဂရီစင်တီဂရိတ်

အောင်လံမြို့

၄၂ ဒီဂရီစင်တီဂရိတ်

မကွေးမြို့

၄၂ ဒီဂရီစင်တီဂရိတ်

အထူးဂရုပြု

ယခုကာလအတွင်း ရုံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်လေ့ရှိသည့်အတွက် ပြည်သူများအနေဖြင့် အထူးဂရုပြုဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် နွေရာသီဖိတ်ခေါ် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို မေ ၂၅ရက် နံနက်၈နာရီမှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း (မြန်မာ့လက်ရွေးစင်ဘတ်စကက်ဘောအားကစားသမားဟောင်း)၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ အမျိုးသား အသက်(၂၀)အောက် ပြိုင်ပွဲတွင် ၁၁သင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ခြောက်သင်း၊ အမျိုးသား အသက်(၁၆)နှစ်အောက်ပြိုင်ပွဲတွင် ၁၂သင်း စုစုပေါင်း ၂၉သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဗိုလ်လုပွဲ

ယခုပြိုင်ပွဲကို အုပ်စုအလိုက် အမှတ်ပေးပြိုင်ပွဲများအဖြစ် မေ ၂၄ ရက်မှ ၂၇ရက်အထိ ကျင်းပခဲ့ပြီး ရှုံးထွက်ပြိုင်ပွဲ (ကွာတားဖိုင်နယ်)များကို မေ ၂၈ ရက်တွင်လည်းကောင်း၊ အကြိုဗိုလ်လုပွဲများကို မေ ၂၉ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး မေ ၃၀ရက် နံနက် ၈ နာရီမှ စတင်၍ တတိယနေရာလုပွဲ သုံးပွဲနှင့် ဗိုလ်လုပွဲသုံးပွဲတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရေသွန်းလောင်း

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ပိုင်းစေတီတော်၌ ၁၃၇၂ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) နံနက်က အင်္ဂါထောင့်ရှိ ဗောဓိပင်ကို ညောင်ရေသွန်းလောင်း ကုသိုလ်ပြုကြစဉ်။ (၁၁၁)

အိုလစ်ဟက်ထရစ်ဖြင့် ဘိုင်ယန်တို့ ဗိုလ်လုပွဲတက်

အာကာဟိန်း-ရေးသားသည်

လန်ဒန် မေ ၂၈

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် လိုင်ယွန်ကွင်း၌ လိုင်ယွန်နှင့် ဘိုင်ယန်မြူးနစ်တို့ မေ ၂၈ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ဘိုင်ယန်မြူးနစ်တို့က သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်း လေးဂိုးပြတ်ဖြင့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

တုံ့ပြန်ကစား

အိမ်ကွင်း၌ခြေစွမ်းပြကစားလေ့ရှိသည့် လိုင်ယွန်တို့ ဧည့်သည် ဘိုင်ယန်မြူးနစ်တို့၏ ထိုးဖောက်ကစားမှုအောက်တွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ လိုင်ယွန်သည် ဘိုင်ယန်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည့် အကြွေးကိုဆပ်ပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ရန် လူစုံထုတ် ခြေကုန်ထုတ်ကစားခဲ့သည်။ ဘိုင်ယန်မြူးနစ်တို့ တိုက်စစ်ဆင်မှုကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သည်။

ပွဲထွက်

လိုင်ယွန်တွင် လိုပက်ဇ်ကို တိုက်စစ်အထောင်ထားရှိကာ ဒယ်လ်ဂါဒို၊ ဘာစတို့စ်တို့က တိုက်စစ်ကို အားဖြည့်ခဲ့ကြသည်။ ဘိုင်ယန်မြူးနစ်ကလည်း ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ရန် အမာခံလူများဖြစ်သည့် အိုလစ်၊ မူလာ၊ အယ်ဆင်တော့ပ်၊ ဘွမ်မဲလ်နှင့် ရော်ဘင်တို့ကို အကုန်ထုတ်သုံးကာ ပွဲထွက်ခဲ့သည်။ အိုလစ်နှင့် မူလာတို့ကို ရှေ့တန်းတိုက်စစ်တွင် လွတ်လပ်စွာ ထိုးဖောက်ကစားစေခဲ့သည်။

အဖွင့်ဂိုး

ဘိုင်ယန်မြူးနစ်တို့ပွဲစတင်သည်နှင့် လိုင်ယွန်ဘက်သို့ ဖိကစားပြီး ဂိုးသွင်းယူနိုင်ရေး ထိုးဖောက်တိုက်စစ်ဆင်ခဲ့သည်။ လိုင်ယွန်ခံစစ်မှူးများကလည်း ပွဲစချိန်၌ တည်တည်ငြိမ်ငြိမ် ဟန့်တားနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၂၆မိနစ်၌ ရော်ဘင်နှင့် မူလာတို့ အပေးအယူလုပ်ပြီး မူလာဖြတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး အိုလစ်က ကန်သွင်းယူခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။ လိုင်ယွန်တို့ ချေပဂိုး သွင်းယူနိုင်ရေးကြိုးစားသော်လည်း ပထမပိုင်းပွဲချိန်တွင် တစ်ဂိုး-ဂိုးမရှိရလဒ် ဖြစ်နေခဲ့သည်။

အထုတ်ခံရ

ဒုတိယပိုင်းပွဲချိန်တွင်လည်း ဘိုင်ယန်မြူးနစ်တို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားရာ ဆစ်ဆိုကိုဦးဆောင်သည့် လိုင်ယွန်ခံစစ်မှူးများကြိုးစားဟန့်တားခဲ့ရသည်။ သို့သော် မိနစ် ၆၀၌ လိုင်ယွန်နောက်ခံလူစီရစ် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် လိုင်ယွန်တို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။



လိုင်ယွန်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် တိုက်စစ်မှူး အိုလစ်က ဒုတိယဂိုးကို ဤသို့ သွင်းယူပေးခဲ့သည်။

ဂိုးသွင်း

လိုင်ယွန်တို့ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ၆၇ မိနစ်နှင့် ၇၇ မိနစ်တို့၌ တိုက်စစ်မှူး အိုလစ်က နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်တိုက်စစ်မှူး အိုလစ်လည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ လိုင်ယွန်တို့ ချေပဂိုးများသွင်းယူနိုင်ရန်အတွက် ၆၉ မိနစ်၌ ဒယ်လ်ဂါဒိုအစား ပီဂျာနစ်၊ လိုပက်ဇ်အစားအီဒါဆင်တို့ဖြင့် အစားထိုးကစားစေခဲ့သော်လည်း ပွဲရလဒ်မပြောင်းနိုင်ခဲ့သဖြင့် သုံးဂိုးပြတ်ဖြင့် အိမ်ကွင်း၌ လိုင်ယွန်တို့ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်သည် လာမည့် မေ ၂၂ရက်၌ ကျင်းပမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်ကာ ထိုက်ထိုက်တန်တန်ဆင်နွှဲနိုင်တော့မည်ဖြစ်သည်။ ။

(အင်တာနက်)

LIFESTYLE & IT 2010 ပြပွဲ ရောင်းသူဝယ်သူများဖြင့် အထူးစည်ကား

ရန်ကုန် မေ ၂၈

သုံးစွဲသူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာနှင့် ဝန်ဆောင်မှုများကို ပိုမိုသိရှိစေရန်နှင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်စေခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အားနည်းချက်၊ အားသာချက်များကို သိရှိပြီး ဆန်းသစ်သောထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်စေခြင်းစသော ရည်ရွယ်ချက်များနှင့် LIFESTYLE & IT 2010 ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၈ရက်မှ မေ ၁ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010 ပြပွဲတွင် UNIQUE အရောင်းပြခန်း၌ နောက်ဆုံးပေါ်ကွန်ပျူတာများ ရောင်းချပေးလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

စီစဉ်ကျင်းပ

အဆိုပါပြပွဲကို Milky Way International ကုမ္ပဏီလီမိတက်က စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယင်းပြပွဲတွင် ကုမ္ပဏီပေါင်း ၆၀က ဆိုင်ခန်းပေါင်း ၁၁၀ဖြင့် ခင်းကျင်းပြသပြီး အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အိမ်ရာအဆောက်အအုံဆိုင်ရာ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုးနှင့် ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါပြပွဲတွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်း အမှတ် ၁၉၄မှ လာရောက်ခင်းကျင်းပြသသည့် UNIQUE ကွန်ပျူတာစင်တာအရောင်းပြခန်းမှ မန်နေဂျင်းဒါရိုက်တာ ကိုကျော်ဆန်းဦးက "ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် ဒီပြပွဲမှာ Desktop နဲ့ Laptop ကွန်ပျူတာတံဆိပ်အမျိုးမျိုးကို ဈေးနှုန်းအသက်သာဆုံးနဲ့ ရောင်းချပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကိုလည်း ရောင်းချပေးပါတယ်။ ပြပွဲပြီးသွားရင်လည်း ဆိပ်ကမ်းသာလမ်းပြခန်းမှာ လာရောက်အားပေးဝယ်ယူနိုင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ UNIQUE အရောင်းပြခန်းတွင် acer, Lenovo, MSI, DELL, SUZUKI, ASUS အမှတ်တံဆိပ်ပါကွန်ပျူတာများ ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010ပြပွဲတွင် acer အရောင်းပြခန်း၌ ရောင်းသူ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

အထူးလျှော့ဈေး

ယင်းပြပွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်း အမှတ် ၅၇၀မှ လာရောက်ခင်းကျင်းပြသသော ရွှေလမင်းနဂါးကုမ္ပဏီမှ ၂၀၀၉ ခုနှစ် အိုင်စီတီစစ်တမ်းအရ လူကြိုက်အများဆုံး အမှတ်တံဆိပ်ဖြစ်သည့် ASPIRE Timeline Notebook ကွန်ပျူတာများ၊ SPIRE One Notebook ကွန်ပျူတာများကို ပြပွဲကာလအတွင်း သုံးရာခိုင်နှုန်းမှ ၁၃ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ယင်းကွန်ပျူတာများမှာ သုံးစွဲချိန် ရှစ်နာရီကြာအထိ သုံးစွဲနိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010 ပြပွဲတွင် DELL ကွန်ပျူတာအရောင်းပြခန်းကို ဤသို့တွေ့ရသည်။

ယင်းပြပွဲတွင် ဗဟန်းမြို့နယ်အနောက်ရွှေဂုံတိုင်လမ်း အမှတ် ၁၅၂ (အေ)မှ DELL ကွန်ပျူတာအရောင်းပြခန်းမှလည်း လာရောက်ခင်းကျင်းပြသသည်ကို တွေ့ရသည်။ ပြပွဲတွင် DELL အမှတ်တံဆိပ်ပါ နောက်ဆုံးပေါ် Laptop များနှင့် Desktop ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ ယင်းပြခန်း၌ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းထားသဖြင့် လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မီးခံသေတ္တာ

ထို့အပြင် New Mobile မှ Handset အမျိုးမျိုး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ တစ်ဖန် ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ် ၅၄မှ Ocean Glory Ltd. ၏ LEECO အမှတ်တံဆိပ် မီးခံသေတ္တာအမျိုးမျိုးကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ ယင်းမီးခံသေတ္တာအမျိုးအစားများသည် မီးအပူချိန် ၁၀၀၀စီတွင် အချိန်နှစ်နာရီကြာ ဆက်တိုက် မီးအပူခံနိုင်ကြောင်း၊ မန္တလေးရတနာပုံဈေး အပေါ်ထပ် မီးလောင်မှုတွင် ၄င်းမီးခံသေတ္တာ အမျိုးအစားများသုံး၍ သိမ်းဆည်းထားသော ငွေများအားလုံး ပြန်ရကြောင်း သိရသည်။

သို့ပါ၍ LIFESTYLE & IT 2010 ပြပွဲသည် အိုင်တီနည်းပညာစိတ်ဝင်စားနေသော လူငယ်လူရွယ်များ၊ အိမ်သုံးပစ္စည်း လှလှပပမက်မောသူများ၊ ကွန်ပျူတာ Notebook နှင့် Handset များ ဝယ်ယူကြလိုသူများအနေဖြင့် ပစ္စည်းမှန် ဈေးမှန် ရောင်းချပေးလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010ပြပွဲတွင် LEECO မီးခံသေတ္တာများ အရောင်းပြခန်းကို ဤသို့တွေ့ရသည်။

မီးကိုသတိ မြဲထားရှိ
စောင့်ကြည့်နေပါ
သင့်ဝန်တာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပူတာအို-မချမ်းဘော ကားလမ်းနံဘေးတွင် ဖြစ်ထွန်းအောင်မြင်နေသော ဆာရ်ခွမ်ဒမ်းရွာအနီးမှ ဒေသမျိုးလက်ဖက်ပင်များ။

ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်သော လက်ဖက် ပူတာအိုခရိုင်အတွင်း ဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းနေ

သတင်းခရီးသည်-သတင်းထောက်စဥ့်ကူစိုးဝင်း / ဓာတ်ပုံမှတ်တမ်း- ဦးထမန်ယုံ(ပူတာအို) / စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်

မြစ်ကြီးနား ဧပြီ ၂၈

မြန်မာပြည်မြောက်ဖျားက ပူတာအိုမြို့....။

အေးချမ်းလှသည့် ကချင်ပြည်နယ်မှ လှပနေသောမြို့သို့ သတင်းခရီးသည်ရောက်ရှိခဲ့သည်။ ဖွံ့ဖြိုးလှပနေသော ပူတာအိုမြို့အတွင်း လိုက်လံလှည့်လာခဲ့ရာ အမြင်ဆန်း၊ အသွင်ဆန်းနေသော မြင်ကွင်းများကို နေရာတိုင်း၌ တွေ့မြင်ရသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

၂၀၁၀ခုနှစ် မုတ်သုံကာလအတွက် သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂၈

၂၀၁၀ခုနှစ် ဧပြီလ နောက်ဆုံးရက်သတ္တပတ်အထိ တိုင်းထွာချက်များအရ ပစိဖိတ်သမုဒ္ဒရာ အီကွေတာဒေသများတစ်လျှောက်တွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက် ပိုမိုပူနွေးလျက် ရှိနေခဲ့ပြီး အားပျော့သော အယ်နီညိုအဆင့်သို့ ရောက်ရှိနေသည်။ အယ်နီညို၏အကျိုးဆက် ရာသီဥတုများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာရှဒေသနိုင်ငံများတွင် ပူပြင်းခြောက်သွေ့သော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်ခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်မှုနည်းခြင်း၊ မုတ်သုံအဝင် နောက်ကျခြင်း၊ အထွက်စောခြင်း၊ မိုးနည်းခြင်းတို့ ဖြစ်ပေါ်တတ်သည်။ လက်ရှိ အယ်နီညို၏အင်အားမှာ အားပျော့သောအဆင့်သာရှိသဖြင့် လာမည့် မြန်မာ့မုတ်သုံရာသီအပေါ် သိသိသာသာသက်ရောက်မှု မရှိနိုင်ဟု သုံးသပ်ရရှိသည်။

ဝင်ရောက်ဖွယ်

၂၀၁၀ခုနှစ် အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ တတိယ ၁၀ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊ မေလကုန်ခန့်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဇွန်လဆန်းခန့်တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်ဖွယ်ရာရှိပြီး စက်တင်ဘာလ တတိယ ၁၀ရက်ပတ်ခန့်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐